မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၁၁ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၂၀)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသား ပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ် နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မား ရေးနှင့်ယဉ်ကျေးမှုအမွေအနှစ် များ၊အမျိုးသားရေး လက္ခဏာ များ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာ ကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေးကျင်းပ ကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက် လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ရေး မှာကြား

ရန်ကုန် မေ ၁၀

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အစည်းအဝေးအမှတ်စဉ်(၂/၂၀၀၅)ကို ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ✻

အမှာစကား ပြောကြား

အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသား ညီလာခံ ကျင်းပရေး ကော်မရှင်အစည်းအဝေး အမှတ်စဉ်(၂/၂၀၀၅)တွင် အမှာစကား ပြောကြား စဉ်။ (သတင်းစဉ်)

ပြည်ပြေး စဝ်ခမ်ဖတို့ရဲ့ သူခိုးဓားရိုးကမ်းလုပ်ရပ် ရှမ်းပြည်နယ်သူ ပြည်နယ်သားတွေ လုံးဝမကျေနပ်

ပြည်ပြေးအုပ်စုက ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသား ပြည်သူလူထုကြီးရဲ့ ဆန္ဒသဘောထား တစ်ရွေးသားမျှမပါဘဲနဲ့ ရှမ်းပြည်နယ်ကို သီးခြား ရှမ်းသမ္မတနိုင်ငံ တည်ထောင်မယ်လို့ အရူးချေးပန်း လေဖမ်းဒန်းစီး လုပ်လာတာပဲ ဖြစ်ပါတယ်။ တစ်နည်းဆိုရင် ဒါဟာ တိုင်းပြည်နဲ့ လူမျိုးအပေါ် သစ္စာဖောက်ရုံမျှမကဘဲ ကျွန်တော်တို့ ရှမ်းပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူအပေါင်းရဲ့ နောက်ကျောကို ဓားနဲ့ထိုးလိုက်တာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ပြည်ပြေး စဝ်ခမ်ဖတို့ရဲ့ သူခိုးဓားရိုးကမ်းလုပ်ရပ်ကို ကျွန်တော်တို့ ရှမ်းပြည်နယ်သူ ပြည်နယ်သားတွေက လုံးဝ မကျေနပ်ကြောင်း ကြေညာလိုက်ပါတယ်ခင်ဗျား။ (သတင်းအကျယ်–ကျော့ဖုံး)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၅ ခုနှစ်၊ မေလ ၁၁ ရက်)

ပြည်ထောင်စုပြိုကွဲရေး လုပ်ဆောင်မှုမှန်သမျှ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး တားဆီးချေမှုန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်းများစွာကတည်းက တိုင်းရင်းသားမျိုးနွယ်စုတစ်ရာကျော် ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီး စုစည်းနေထိုင်လာခဲ့ကြသည့် အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည်။

တိုင်းရင်းသားပြည်သူများသည် ကိုလိုနီနယ်ချဲ့သမားများ၏ နှစ်ပေါင်းတစ်ရာကျော် သွေးခွဲအုပ်ချုပ်မှုကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် အတူတကွဖယ်ရှားပြီးမြန်မာ့လွတ်လပ်ရေးကို အတူတကွရယူခဲ့ကြသူများဖြစ်သည်။ ထို့ကြောင့် မြန်မာ့မြေသည် တိုင်းရင်းသားပြည်သူအားလုံး ပိုင်ဆိုင်သကဲ့သို့ ဘိုးဘွားအမွေလည်းဖြစ်သည်။

ပြည်ထောင်စုကြီးကို မည်သို့သော ပြည်တွင်းပြည်ပ အဖျက်သမားများကမျှ ဖဲ့ထုတ်ယူ၍ရမည်မဟုတ်ပေ။ မိမိတို့တိုင်းရင်းသားပြည်သူများအားလုံးက ကျောချင်းကပ် ရင်ချင်းအပ်ပြီး ပြည်တွင်းပြည်ပ ရန်စွယ်အန္တရာယ်အသွယ်သွယ်ကို တွန်းလှန်ဖယ်ရှားသွားမည်သာဖြစ်ပေသည်။

မျက်မှောက်ခေတ် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ရည်မှန်းချက်ပန်းတိုင်သည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးပင်ဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်ကာလက ရှိခဲ့ဖူးသည့် ပဒေသရာဇ်ခေတ်နှင့် ကိုလိုနီနယ်ချဲ့ခေတ်ကို မည်သို့မျှ နောက်ကြောင်းပြန် လှည့်သွားမည် မဟုတ်ပေ။

ပြည်ပြေးစဝ်ခမ်းဖနှင့် အပေါင်းပါတစ်စုသည် ဧပြီလ၁၇ ရက်နေ့က ပြည်ပတစ်နေရာမှနေပြီး ရှမ်းပြည် ယာယီအစိုးရဖွဲ့စည်းကြောင်း၊ ရှမ်းပြည်နယ်ကို လွတ်လပ်သည့် နိုင်ငံအဖြစ်တည်ထောင်ကြောင်း ပြည်ပမီဒီယာများမှတစ်ဆင့် သတင်းထုတ်လွှင့်ကြေညာကာ ပြည်ထောင်စုကြီးမှ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြံရွယ်လုပ်ဆောင်ခဲ့ကြသည်။

ထိုကြေညာချက်သည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးအတွက် အန္တရာယ်အလွန်ကြီးမားသောကြောင့် ပြည်ပြေးစဝ်ခမ်းဖနှင့်အပေါင်းပါတစ်စုကို နိုင်ငံတော်အစိုးရက ဧပြီလ ၁၉ ရက်နေ့က မတရားအသင်းအဖြစ် ကြေညာခဲ့ရသည်။

အလားတူပင် မြန်မာနိုင်ငံအတွင်းရှိ လူမှုရေးအသင်းအဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးအဖွဲ့များကလည်း ပြည်ပြေးစဝ်ခမ်းဖနှင့် အပေါင်းပါတစ်စု၏ လုပ်ရပ်ကိုလုံးဝလက်မခံဘဲ ဆန့်ကျင်ရှုတ်ချကြောင်း သဘောထားကြေညာချက်များ အသီးသီးထုတ်ပြန် ကြေညာခဲ့ကြသည်။

ထို့အတူပင် ပြည်ထောင်စုကြီးအတွင်း နှစ်ပရိစ္ဆေဒရှည်လျားစွာ အတူတကွ ပူးပေါင်းနေထိုင်လာခဲ့ကြသည့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကလည်း ဘိုးဘွားအမွေဖြစ်သော ပြည်ထောင်စုကြီး ဖရိုဖရဲနှင့် ပြိုကွဲစေမည့် အဖျက်လုပ်ရပ်များကို ကြံစည်လုပ်ဆောင်လာကြသည့် ပြည်ပြေး စဝ်ခမ်းဖတို့အဖွဲ့၏ ကြေညာချက်ကို လုံးဝလက်မခံဘဲ ဆန့်ကျင်ကန့်ကွက်လျက် ရှိကြသည်။

ပြည်ပြေးစဝ်ခမ်းဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေလ၈ရက်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ဒေသခံတိုင်းရင်းသား ပြည်သူများတစ်ခဲနက် တက်ရောက်ခဲ့ကြပြီး ပြည်ပြေးစဝ်ခမ်းဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ် ခွဲထွက်ရန်ကြေညာခြင်းအား တညီတညွတ်တည်း ဆန့်ကျင်ရှုတ်ချခဲ့ကြပေသည်။

လဲချားမြို့နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများကလည်း အခြားသောပြည်နယ်၊ တိုင်းအသီးသီးမှ တိုင်းရင်းသားညီအစ်ကိုမောင်နှမများနှင့် တစ်စိတ်တည်း တစ်ဝမ်းတည်း၊ တစ်သွေးတည်း တစ်သားတည်း ရပ်တည်နေကြသည်ဖြစ်ရာ တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အန္တရာယ်ပြုလာသည့် ပြည်ပြေးစဝ်ခမ်းဖနှင့် အပေါင်းပါတစ်စု၏လုပ်ရပ်ကို လုံးဝလက်မခံနိုင်သောကြောင့် ယခုကဲ့သို့ လူထုအစည်းအဝေးကြီးကျင်းပကာ ဆန့်ကျင်ရှုတ်ချကြခြင်း ဖြစ်ပေသည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီးပြိုကွဲရန်၊ ရှမ်းပြည်နယ်ပျက်စီးရန်၊ တိုင်းရင်းသားပြည်သူများ အတိဒုက္ခရောက်စေရန် ကြံစည်လုပ်ဆောင်မှုမှန်သမျှကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လုံးဝလက်မခံဘဲ တားဆီးချေမှုန်းသွားမည်သာဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီစည်းဝေး

ရန်ကုန် မေ ၁၀

မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း (၁၅)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို မေ ၇ရက် ညနေ၅နာရီခွဲက ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌဦးတင်ဝင်း**(အပေါ်ပုံ)**နှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းတို့က အမှာစကားများပြောကြားကြသည်။ ထို့နောက် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင် အဖွဲ့၏ အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းတို့ကို ဖတ်ကြားတင်ပြရာ အစည်းအဝေး တက်ရောက်ကြသည့် အသင်းဝင်များက အတည်ပြုကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း ၂၀၀၃-၂၀၀၅ ခုနှစ် အလုပ်အမှုဆောင်အဖွဲ့ဝင်များက နုတ်ထွက်ကြောင်းကြေညာသည်။

ယင်းနောက် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေ အတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က ၂၀၀၅-၂၀၀၇ ခုနှစ်အတွက်ဥက္ကဋ္ဌဦးတင်ဝင်း၊ အတွင်းရေးမှူး ဦးတင့်အောင်တို့ပါ ဝင်သည့် ဗဟိုအလုပ်အမှုဆောင်၁၅ဦးတို့၏ အမည်စာရင်းကို ဖတ်ကြား ကြေညာသည်။

ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

ထို့နောက် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းသို့ အလှူငွေများ လှူဒါန်းကြသည့် အလှူရှင်များအား မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းလှအောင်နှင့် တာဝန်ရှိသူတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။ ယင်းနောက် အစည်းအဝေးမကျင်းပမီ ဆန်စက်လုပ်ငန်းနှင့် သက်ဆိုင်သည့် ထုတ်ကုန်ပစ္စည်းများအား ရှင်းလင်း ပြသကြသည့် ပြည်တွင်းပြည်ပကုမ္ပဏီများအား အသင်းဥက္ကဋ္ဌ ဦးတင်ဝင်းက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်သည်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား

၁၁-၅-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
- ၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၃၀ ၆။ မျိုးချစ်တပ်မတော်
- ၄:၄၀ ၇။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
- ၄:၅၀ ၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Factor Market (ဒုတိယနှစ်-စီးပွားရေး)
- ၅:၃၀ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၄၀ ၁၆။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“ငယ်ချစ်ဦး”** (အပိုင်း-၄၀) ဇာတ်သိမ်း
- ၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၀။ ဗီစီဒီကျော်ကြားတေးများ
- ၂၁။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“မြိုင်ဟောဝန်က သိုင်းလုလင်”** (အပိုင်း-၁၈)

ဧပြီ ၃၀ရက်က လမ်းမတော်မြို့နယ် အမှတ်(၉) ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အတွက် အမှတ်(၇)ရပ်ကွက်နေ ဦးပါ၊ ဒေါ်ကြင်ကြူမိသားစုက စာပေဒါနအဖြစ် ရသစုံစာအုပ်များလှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်းက လက်ခံရယူစဉ်။

(ခရိုင် ပြန်/ဆက်)

စမ်းချောင်းလမ်း ၁၀ရက် တရားစခန်း

ရန်ကုန် မေ ၁၀

ကျေးဇူးရှင်လယ်တီဆရာတော်ကြီး၏တပည့် အနာဂါမ်ဆရာ သက်ကြီး၏ ကိုယ်တွေ့ ဉာဏ်မြင် သမထ ဝိပဿနာ အလုပ်ပေးတရားတော်မြတ်ကို ကမ္မဋ္ဌာန်းနည်းပြ ဆရာဦးကျော်နိုင်ထွန်းက မေ၁၅ရက်မှ ၂၄ ရက်ထိ နေ့စဉ် မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ စမ်းချောင်းမြို့နယ် စမ်းချောင်းလမ်း အမှတ်(၂၉) ဒုတိယလွှာတွင် ဓမ္မဒါန ပြုမည်ဖြစ်ရာ မည်သူမဆို လာရောက်တရားအားထုတ်နိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူငယ်တွေ့ဆုံပွဲအခမ်းအနား ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ၌ကျင်းပ

ပြည်နယ်နှင့်တိုင်းအသီးသီးမှ လူငယ်ကိုယ်စားလှယ်များ ဆက်လက်ဆွေးနွေးတင်ပြ

ရန်ကုန် မေ ၁၀

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ မေ ၇ရက် နံနက် ၇ နာရီ၄၅မိနစ်တွင် မန္တလေးတိုင်း ညောင်ဦးမြို့နယ် ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေ ရွှေစည်းခုံစေတီတော်အနီးရှိ အောင်မင်္ဂလာခန်းမ၌ကျင်းပသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူငယ်တွေ့ဆုံပွဲ အခမ်းအနားတွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသီးသီးမှ လူငယ်ကိုယ်စားလှယ်များက သက်ဆိုင်ရာ ပြည်နယ်နှင့်တိုင်းအလိုက် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ချင်းပြည်နယ်

အစီအစဉ်အရ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မလင်းမြူးမံက ဆွေးနွေးတင်ပြရာတွင် မိမိတို့ ချင်းပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်းတွင် တည်ရှိပြီး အကျယ်အဝန်းအားဖြင့် စတုရန်းမိုင်ပေါင်း၁၃၉၀၇ကျယ်ဝန်းပါကြောင်း၊ မိမိတို့ ချင်းပြည်နယ်တွင် ခရိုင်နှစ်ခု၊ မြို့နယ်ကိုးခုဖြင့်ဖွဲ့စည်းထားပါကြောင်း၊ ချင်းတိုင်းရင်းသားမျိုးနွယ်စုများနှင့် မြို၊ ခမိ၊ ဗမာတိုင်းရင်းသားများ ချစ်ကြည်ရင်းနှီးစွာ အတူတကွပူးပေါင်းနေထိုင်ကြပြီး ပြည်ထောင်စုငယ်တစ်ခုအသွင် တည်ရှိနေပါကြောင်း၊ လက်ရှိ လူဦးရေ ၅၄၀၀၀၀ ခန့်ရှိပြီး ပျမ်းမျှနေထိုင်မှုမှာ တစ်စတုရန်းမိုင် ၃၅ဦးဖြစ်ပါကြောင်း။

တိုးချဲ့ဖွင့်လှစ်

ပြည်နယ်၏ နယ်စပ်ဒေသဖွံ့ဖြိုးရေးကဏ္ဍမှာ ယခင်က မြေသားလမ်း၊ ကျောက်လမ်း၊ ကတ္တရာလမ်းဖောက်လုပ်မှု မရှိခဲ့သော်လည်း ယခုအခါ မြေလမ်း၁၆၉မိုင်၄ဖာလုံ၊ ကျောက်လမ်း ၂၈မိုင် ၇ဖာလုံ တိုးချဲ့ဖောက်လုပ်ပေးခဲ့ပြီး နယ်စပ်ဒေသ ဆေးရုံသုံးရုံကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ပညာရေးကဏ္ဍမှာအထက်တန်းကျောင်းလေးကျောင်း၊ အလယ်တန်းကျောင်းသုံးကျောင်း၊ မူလတန်းကျောင်း ၁၀ ကျောင်း တိုးချဲ့ ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

မိမိတို့ ချင်းပြည်နယ်မှ လမ်းအလျားကိုလည်း ပိုမိုရှည်လျားကြံ့ခိုင်အောင် ဖော်ဆောင်မြှင့်တင်ပေးနေပါကြောင်း၊ မြေလမ်းမှ ကျောက်လမ်း၊ ကျောက်လမ်းမှ ကတ္တရာလမ်း တိုးချဲ့ အဆင့်မြှင့်တင်ပေးလျက်ရှိရာ ယခင်က ကားလမ်းများ တိုးချဲ့ဖောက်လုပ်မှု ၆၉၅ မိုင်သာရှိခဲ့ရာ ယခု ၁၀၆၁မိုင်ကျော် တိုးတက် ဖောက်လုပ်ခဲ့ပါကြောင်း။

ပြည်နယ်တွင် လမ်းတံတားကဏ္ဍမှာ ယခင်က ပေ၁၈၀နှင့်အထက် တံတားပေါင်း နှစ်စင်းသာရှိခဲ့ရာ ယခု ပေ၁၈၀အထက် တံတားငါးစင်းထိ တိုးချဲ့ တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ ပေ၁၈၀အောက် တံတားများမှာလည်း ယခင်က၃၇စင်းသာရှိခဲ့ရာ ယခု၄၇စင်းကို တိုးချဲ့ တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ ကျန်းမာရေးကဏ္ဍမှာလည်း ယခင်ကဆေးရုံ၂၈ရုံသာရှိခဲ့ရာ ယခု၄၇ရုံထိ တိုးချဲ့တည်ဆောက် အဆင့်မြှင့်တင်ပေးလျက်ရှိပါကြောင်း။

ဆက်သွယ်ရေးကဏ္ဍမှာလည်း ယခင်က စာတိုက်၂၉ခုရှိခဲ့ရာ ယခု ၄၅ခု၊ ကြေးနန်းရုံး ယခင်က ၁၁ခုသာရှိခဲ့ရာ ယခုအခု၂၀ တိုးချဲ့ ဖွင့်လှစ်ပေးပြီး ကျေးလက်တယ်လီဖုန်း ၁၁ခု၊ ကွန်ပျူတာကြေးနန်းတစ်ခု၊ ဖက်စ်မီလီ၂၃ခု၊ မိုက္ကရိုဝေ့ဗ်စခန်း ခြောက်ခု၊ အီးလ်မေးအင်တာနက်နှစ်ခု၊ပြည်တွင်းဂြိုဟ်တုဆက်သွယ်ရေး သုံးခု တည်ဆောက်ပေးခဲ့ပါကြောင်း၊ ပညာရေးကဏ္ဍတွင် နိုင်ငံတော်ကပညာသင်ယူမှု အခွင့်အလမ်းပွင့်လန်းစေရန်၊ ကျောင်းပေါင်း ၉၁ ကျောင်း ထပ်မံဖွင့်လှစ်ပေးခဲ့ပါကြောင်း၊ ထို့အပြင် မာလ်တီမီဒီယာ စာသင်ခန်း ၂၈ခု၊ e-Learning Centre ၁၆ခု တည်ဆောက်ပေးခဲ့ပါကြောင်း၊ သိပ္ပံနှင့်နည်းပညာရှင်များ ပေါ်ထွက်လာအောင် ကလေးမြို့တွင် အစိုးရ နည်းပညာကောလိပ်၊အစိုးရကွန်ပျူတာကောလိပ် ဖွင့်လှစ်ပေးခဲ့ပါကြောင်း။

နွားနောက်မွေးမြူရေး

ယခင်က ချင်းပြည်နယ်တွင် ဆည်၊ ကန်၊ တာတမံမရှိခဲ့သော်လည်း ယခုအခါ ဆည်တမံ နှစ်ခု တိုးချဲ့ တည်ဆောက်ပေးနိုင်ခဲ့ပါကြောင်း၊ ယခင်က လက်ဖက်စိုက် ဧက ၁၅၈ဧကရှိခဲ့ရာ ယခု၅၅၃၃ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ ပြည်နယ်၏ မွေးမြူရေးကဏ္ဍမှာ ယခင်ကတိရစ္ဆာန်ကောင်ရေ ၁၀ သိန်းမျှသာ မွေးမြူခဲ့ရာ ယခု ကောင်ရေ၁၉သိန်းနီးပါး မွေးမြူထားပါကြောင်း၊ နွားနောက်မွေးမြူရေးမှာ ကဏ္ဍသစ်ဖြစ်ပြီး ယနေ့အထိ ကောင်ရေ ၃၉၀၀၀ မွေးမြူထားပြီးကြောင်း တင်ပြအပ်ပါကြောင်း။

မြို့ပြစည်ပင် ဖွံ့ဖြိုးမှုအနေဖြင့် ယခင်က မြို့ပြလမ်း၅မိုင်၁ဖာလုံသာရှိခဲ့ရာ ယခုမိုင် ၅၀ ခြောက်ဖာလုံ၊ ကျေးလက်လမ်း ယခင်က ၁၇၅ မိုင်သာရှိခဲ့ရာယခု ၄၁၅မိုင် တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပြီး မြို့ပြတံတား ၁၉စင်းနှင့်ကျေးလက်တံတား ခုနစ်စင်းကိုလည်းအသစ် တိုးချဲ့တည်ဆောက်ပေးခဲ့ပါကြောင်း။

ကျောက်ထုလေဆိပ်သစ်ကို ဖွင့်လှစ်လိုက်ခြင်းသည် ချင်းပြည်နယ်၏ ပို့ဆောင်ရေးကဏ္ဍ တိုးမြှင့်ခြင်းဖြစ်

စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မကျော့ယဉ်ဝင်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

၂၀၀၄ခုနှစ် ဇူလိုင်လ ၁၀ရက်တွင် ကျောက်ထုလေဆိပ်သစ်ကို ဖွင့်လှစ်လိုက်ခြင်းသည် ချင်းပြည်နယ်၏ ပို့ဆောင်ရေးကဏ္ဍကို တိုးမြှင့်လိုက်ခြင်းပင်ဖြစ်ပါကြောင်း။

မိမိတို့ ချင်းပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွင် အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်နေပါကြောင်း၊ ပြည်နယ်အတွင်း ကျေးလက်ဖွံ့ဖြိုးရေးလမ်း ၄၂မိုင်ကျော်၊ တံတားကိုးစင်း တည်ဆောက်ပေးနိုင်ခဲ့ပြီး ကျေးလက်မီးလင်းရေးတွင် ရွာပေါင်း၁၃ရွာကို လျှပ်စစ်မီးသွယ်တန်းပေးနိုင်ခဲ့ပါကြောင်း။

အုတ်တစ်ချပ်သဲတစ်ပွင့်

နိဂုံးချုပ် တင်ပြလိုသည်မှာ မိမိတို့ မျိုးဆက်သစ်လူငယ်တိုင်းသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကြီးတည်ဆောက်ရာတွင်အုတ်တစ်ချပ် သဲတစ်ပွင့်ပမာ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

စစ်ကိုင်းတိုင်း

ယင်းနောက် စစ်ကိုင်းတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မကျော့ယဉ်ဝင်းက ဆွေးနွေးတင်ပြရာတွင် မိမိအနေဖြင့် စစ်ကိုင်းတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို အကျဉ်းချုပ် တင်ပြဆွေးနွေးသွားမှာဖြစ်ကြောင်း။

ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မလင်းမြူးမံ ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

တိုင်းရင်းသားပေါင်းစုံ

နယ်မြေဒေသ ကျယ်ဝန်းပြီး တောင်တန်းလွင်ပြင်များ၊ မြစ်ချောင်းအင်းအိုင်များ ကြွယ်ဝသော တိုင်းဒေသ ကြီးဖြစ်သည့် ခရိုင် ရှစ်ခု၊ မြို့နယ် ၃၇မြို့နယ်ပါဝင်ကာ ဧရိယာ စတုရန်းမိုင်ပေါင်း ၃၆၅၃၅မိုင် ကျယ်ဝန်း၍ လူဦးရေအားဖြင့် ၅၉၄၅၀၀၀ ရှိပြီး တစ်စတုရန်းမိုင်လျှင် ၁၆၃ ဦး နေထိုင်လျက်ရှိပါကြောင်း၊ လူမျိုးများအနေဖြင့် ကချင်၊ နာဂ၊ လူရှိုင်း၊ ကဒူး၊ ကနန်း၊ ရှမ်း အစရှိသော တိုင်းရင်းသားများပေါင်းစုံ နေထိုင်လျက်ရှိကြပါကြောင်း။

စစ်ကိုင်းတိုင်း နယ်စပ်ဖွံ့ဖြိုးရေးဒေသများဖြစ်သော နာဂဒေသနှင့် ကဘော်ဒေသတို့တွင် ယနေ့အခါ မြေလမ်း ၁၉၅မိုင်၊ ကျောက်လမ်း ၈မိုင် ၆ဖာလုံ၊ ကတ္တရာလမ်း ၁၆မိုင် ၇ဖာလုံ တိုးတက် ဖောက်လုပ်ပြီး ဖြစ်ပါကြောင်း၊ မြို့ပြစည်ပင် ဖွံ့ဖြိုးမှုမှာလည်း မြို့ပြလမ်းမိုင် ၆၄၆မိုင်၊ မြို့ပြတံတား ၉၉၅စင်း တည်ဆောက်ပြီးစီးခဲ့ပြီး ဖြစ်ပါကြောင်း။

ဖြန့်ကြက်ဖွင့်လှစ်

ပြည်ထောင်စုငယ်တစ်ခုဖြစ်သော စစ်ကိုင်းတိုင်း ဒေသတွင် အခြေခံပညာ ပျိုးထောင်မှုအားဖြင့် ယခင်က အခြေခံပညာကျောင်းအင်အား ၃၆၀၃ ကျောင်းသာရှိခဲ့ပြီး ယနေ့အခါတွင် အခြေခံပညာကျောင်းပေါင်း ၄၅၉၇ ကျောင်း၊ မာလ်တီမီဒီယာစာသင်ခန်း ၁၅၂ခု၊ e- Learning Centre ၆၈ခုကို တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ အဆင့်မြင့် ပညာကဏ္ဍမှာ ယခင်က ကောလိပ် နှစ်ခုသာရှိခဲ့ရာမှ ယနေ့ကာလတွင် တက္ကသိုလ်ဒီဂရီကောလိပ် ခြောက်ခုတို့ကို ဒေသတွင်းဖြန့်ကြက်ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

စစ်ကိုင်းတိုင်း၏ ကျန်းမာရေးစောင့်ရှောက်မှုမှာ နိုင်ငံတော်က ဆေးရုံ ၁၀ရုံကို ထပ်မံတိုးမြှင့် ဖွင့်လှစ်ပေးသည့်အတွက် ဆေးရုံပေါင်း ၈၉ရုံ တိုးတက်လာခဲ့ပါကြောင်း၊ တိုင်းဒေသကြီး တစ်ခုလုံးကို အထက်မြန်မာနိုင်ငံ၏ စပါးကျီအဖြစ် ပြောင်းလဲနိုင်ရေးအတွက် နိုင်ငံတော်က စိုက်ပျိုးမြေဧက ၄၁ သိန်းကျော်ကို တိုးချဲ့ စိုက်ပျိုးစေပြီးအရှေ့တောင်အာရှတွင်အကြီးမားဆုံး သဖန်းဆိပ်ရေလှောင်တမံကြီး အပါအဝင် ရေလှောင်တမံ ၃၄ ခု၊ မြစ်ရေတင်စီမံကိန်း အခု ၆၀တို့ကို တည်ဆောက်ပေးထားပြီးဖြစ်ပါကြောင်း။

စစ်ကိုင်းတိုင်းတွင် သစ်တောပြုစုထိန်းသိမ်းမှုမှာ ကြိုးပြင်ကာကွယ်တောဧရိယာစတုရန်းမိုင် ၁၄၄၅မိုင်ရှိပြီး သစ်ဆိမ့်စိုက်ဧက ၁၅၀၀တို့ကို ယနေ့စိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ သဘာဝသစ်တောထိန်းသိမ်းမှုနယ်မြေဧရိယာအနေနှင့်လည်း ၂၉၁၀၀၀ဧကကို ထိန်းသိမ်းထားနိုင်ခဲ့ပါကြောင်း။

တပ်ဆင်အသုံးပြု

လူထုဆက်သွယ်ရေး နည်းလမ်းတစ်ခုအဖြစ် ယခင်က ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ တစ်ရုံသာ ရှိခဲ့သော်လည်း ယခုအခါတွင် ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ ၁၉ရုံ တိုးချဲ့တည်ဆောက် ထုတ်လွှင့်နိုင်ပြီ ဖြစ်ပါကြောင်း၊ ဆက်သွယ်ရေးကဏ္ဍတွင် လွယ်ကူချောမွေ့စေရန် မြို့ပြဒေသနှင့် ကျေးလက်များပါမကျန် ပြည်တွင်းပြည်ပသို့ ဆက်သွယ်နိုင်ရေးအတွက် ယနေ့အခါတွင် ဖက်စ်မီလီ ၅၃ခု၊ ကွန်ပျူတာကြေးနန်းရှစ်ခုကို တပ်ဆင် အသုံးပြုလျက်ရှိပါကြောင်း။

နိုင်ငံတော်က စက်မှုကဏ္ဍကို အားပေးမြှင့်တင်လျက်ရှိရာ စစ်ကိုင်းတိုင်းအတွင်းတွင် ယခင်က ပုဂ္ဂလိကစက်ရုံ ၁၄၂၆ခုသာ ရှိခဲ့ရာ ယခုအခါ စက်မှုဇုန် သုံးဇုန်နှင့် ပုဂ္ဂလိကစက်ရုံ ၄၄၆၄ရုံ တိုးတက်လာခဲ့ပါကြောင်း၊ ဘက်စုံကဏ္ဍစုံမှ တိုးတက်နေသော စစ်ကိုင်းတိုင်းသည် လျှပ်စစ်စွမ်းအားကဏ္ဍတွင် ယခုအခါ သဖန်းဆိပ်ရေအားလျှပ်စစ်စက်ရုံ အပါအဝင် ရေအားလျှပ်စစ်စက်ရုံ သုံးရုံပေါ်ထွန်းလာပြီးဖြစ်ပါကြောင်း။

အရှေ့တောင်အာရှတွင် အကြီးမားဆုံး သဖန်းဆိပ်ရေလှောင်တမံကြီးအပါအဝင် ရေလှောင်တမံ ၃၄ ခု၊ မြစ်ရေတင်စီမံကိန်း အခု ၆၀ တည်ဆောက်ပေးထား

ကားလမ်းများ တိုးချဲ့ဖောက်လုပ်မှုအနေဖြင့် ယခင်က ကတ္တရာလမ်းမိုင် ၃၄၅မိုင်သာ ရှိခဲ့သော်လည်း ယနေ့အချိန်အခါတွင် ကတ္တရာလမ်းမိုင် ၁၀၃၇မိုင် ၇ ဖာလုံ တိုးချဲ့ဖောက်လုပ်ပေးထားပြီးဖြစ်ပါကြောင်း၊ စစ်ကိုင်းတိုင်းအတွင်း ယခင်က ပေ၁၈၀အထက်တံတား ၁၇စင်းသာရှိခဲ့ပြီး ယနေ့အခါတွင် ပေ ၁၈၀အထက် တံတား ၃၄စင်း တိုးတက်လာပြီဖြစ်ပါကြောင်း၊ ရထားပို့ဆောင်ရေးအနေဖြင့် ယခင်က ခရီးမိုင် ၃၁၆ ဒသမ ၅၀မိုင်၊ သံလမ်းမိုင် ၃၅၀ ဒသမ ၁၁မိုင်သာ ရှိခဲ့ရာမှ ရထားခရီးမိုင် ၄၂၀ ဒသမ ၆၃မိုင်၊ သံလမ်းမိုင် ၄၆၀ ဒသမ ၅၉မိုင် တိုးတက် ဖောက်လုပ်နိုင်ခဲ့ပါကြောင်း။

အင်အားတစ်ရပ်

နိဂုံးချုပ် အနေဖြင့် နိုင်ငံတော်အစိုးရသည် စစ်ကိုင်းတိုင်းကို အခြားပြည်နယ်နှင့် တိုင်းများနည်းတူ ဘက်စုံကဏ္ဍစုံမှ ဖွံ့ဖြိုးတိုးတက်အောင် ဖြည့်ဆည်းဖော်ဆောင်ပေးလျက်ရှိရာဒေသခံတိုင်းရင်းသား ပြည်သူများကလည်း နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုအောက်တွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နေကြပါကြောင်း၊ ယင်းသို့ တက်ညီလက်ညီ ဖော်ဆောင်မှု၏ ရလဒ်အဖြစ် အလားအလာကောင်းများ ဝေဆာပွင့်သီးလျက်ရှိသော စစ်ကိုင်းတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများသည် နိုင်ငံတော်အတွက် အင်အားတစ်ရပ်ပင် ဖြစ်ပါကြောင်း တင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

တနင်္သာရီတိုင်း

ဆက်လက်၍တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ

စာမျက်နှာ ၅ ကော်လံ ၁ သို့

နိုင်ငံခြားရေးဝန်ကြီးများ အရှေ့အာရှထိပ်သီးအစည်းအဝေး အကြိုညှိနှိုင်း

ကျိုတို မေ ၉

အာဆီယံ၊ ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများသည် ဂျပန်နိုင်ငံ၏မြို့တော်ဟောင်း ကျိုတိုမြို့တွင် မေ ၆ ရက်က အရှေ့အာရှ ထိပ်သီးအစည်းအဝေးကျင်းပရေး အကြိုညှိနှိုင်းအစည်းအဝေးကို စတင်ကျင်းပသည်။

ထိုအစည်းအဝေးတွင် ယခုနှစ် ဒီဇင်ဘာလတွင် ကွာလာလမ်ပူ၌ ကျင်းပမည့် အရှေ့အာရှ ထိပ်သီးအစည်းအဝေးတွင် အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်နှင့် အမေရိကန်ပြည်ထောင်စုတို့အား ပါဝင်တက်ရောက်ခွင့်ပြုမည် မပြုမည်ကို ဆွေးနွေးကြမည်ဖြစ်သည်။

သဘောတူ

အာဆီယံနှင့် အရှေ့မြောက်အာရှသုံးနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေးသည် အရှေ့အာရှထိပ်သီးအစည်းအဝေး၏ သဘောထားအမြင်နှင့် ဖြစ်နိုင်ချေရှိမှုတို့ကို ဆွေးနွေးဖွယ်ရှိသည်။ ဖိလစ်ပိုင်နိုင်ငံ မက်တန်မြို့၌ ပြီးခဲ့သည့်လက ကျင်းပခဲ့သည့် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများ၏ အလွတ်သဘောအစည်းအဝေး၌ အာဆီယံနှင့် ခိုင်ခိုင်မြဲမြဲဆက်ဆံမှုရှိသောနိုင်ငံများ ဆွေးနွေးဖက်အဆင့် အပြည့်အဝရှိသောနိုင်ငံများ၊ ချစ်ကြည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုသို့ တီအေစီစာချုပ်ကို လက်ခံသောနိုင်ငံများသည် ပထမအကြိမ် အရှေ့အာရှ ထိပ်သီးအစည်းအဝေးသို့ ပူးပေါင်းနိုင်ကြောင်း အာဆီယံ နိုင်ငံခြားရေးဝန်ကြီးများက သဘောတူခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရေပူစမ်းများမှ ဟီလီယမ်ဓာတ်ငွေ့ မြင့်မားစွာထုတ်လွှတ်မှု ငလျင်နှင့် ဆူနာမီဘေးအန္တရာယ်များဖြစ်ပေါ်နိုင်

နယူးဒေလီ မေ ၉

ရေပူစမ်းများမှ ဟီလီယမ်ဓာတ်ငွေ့ထုတ်လွှတ်မှုမြင့်မားခြင်းသည် ဆူနာမီနှင့်ငလျင်ကဲ့သို့ သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်မည့် ရှေ့ပြေးနိမိတ် ဖြစ်နိုင်ကြောင်း အင်ဒိုအာရှသတင်းက ဖော်ပြခဲ့သည်။

ဟီလီယမ်ကဲ့သို့ မြေအောက် အနက်ပိုင်း ဓာတ်ငွေ့များထုတ်လွှတ်မှုသည် တစ်ဟုန်ထိုး ကြီးထွားလာပြီး မြေအောက်၌ကြီးမားသော အလွှာထုကြီးများက နိမ့်ကျလာသည့်အခါ တစ်ခုနှင့်တစ်ခု ဖိအားဖြစ်ပေါ်ကြောင်းကို မိမိတို့ရှာဖွေ တွေ့ရှိထားသည်ဟု စွမ်းအင်ဌာနညွှန်ကြားရေးမှူး ဘီကကျ်ရှိ ဆင်ဟာက ပြောကြားသည်။

ကြိုတင်တွက်ဆနိုင်

မိမိတို့အနေဖြင့် မည်သည့်အချိန်၊ မည်သည့်နေရာ၌ ငလျင်သို့မဟုတ် အကျိုးဆက်အဖြစ် ဆူနာမီဖြစ်ပေါ်မည်ကို မပြောနိုင်သော်လည်း ဖြစ်ပေါ်မည်ကိုမူ ကြိုတင်တွက်ဆနိုင်ကြောင်း လက်ထောက်ညွှန်ကြားရေးမှူး ရာကကျ်ရှိဗန်ဒါရီက ပြောကြားသည်။

ဓာတ်ငွေ့ထုတ်လွှတ်မှုနှင့် ငလျင်ဆက်နွှယ်ပုံကို အခြေခံနားလည်သဘောပေါက်မှု တိုးတက်စေရန် ကြိုးပမ်းရာတွင် အဏုမြူစွမ်းအင်ဌာန (ဒီအေအီး) နှင့် သိပ္ပံနှင့်နည်းပညာဌာန (ဒီအက်စ်တီ)တို့က ငွေကြေးအထောက်အကူပေးသော သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို အနောက်ဘင်္ဂလားရှိ ဘကျ်ခ်ရက်ရှ်ဝါ ရေပူစမ်းဒေသတွင် ဆောင်ရွက်လျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အမေရိကန်၏ပြောကြားချက် ဗင်နီဇွဲလားသမ္မတ ကန့်ကွက်

ကာရာကက်စ် မေ ၉

ဗင်နီဇွဲလားနိုင်ငံက ရုရှားနိုင်ငံမှ လက်နက်များ ဝယ်ယူမှုနှင့်ပတ်သက်၍ အမေရိကန်၏ ပြောဆိုချက်များကို ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ်က ကန့်ကွက်ပြောကြားလိုက်ပြီး အမေရိကန်ပြည်ထောင်စုက ကိုလံဘီယာနိုင်ငံတွင် စစ်ရေးအရ ဆောင်ရွက်မှုများအပေါ် ၎င်းအနေဖြင့် စိုးရိမ်ပူပန်မိကြောင်း ကာရာကက်စ်တွင် စနေနေ့ကပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ သမ္မတဟူဂိုချာဗက်ဇ်က ပြောကြားလိုက်သည်။

အမေရိကန်သမ္မတ ဂျော့ဒဗလျူဘုရှ်က ပြီးခဲ့သည့် မေ ၅ ရက်က ပြောကြားသည့် ဗင်နီဇွဲလားနိုင်ငံ၏ လက်နက်များ ဝယ်ယူမှုအပေါ် သူ့အနေဖြင့် စိုးရိမ်ပူပန်မိကြောင်း ထုတ်ဖော်ပြောကြားချက်ကို ဗင်နီဇွဲလားသမ္မတက အထက်ပါအတိုင်း တုံ့ပြန်ပြောကြားလိုက်ခြင်း ဖြစ်သည်။

ဗင်နီဇွဲလားနိုင်ငံအနေဖြင့် ကိုလံဘီယာနိုင်ငံရှိ လက်နက်ကိုင်အုပ်စုများထံသို့ လက်နက်များ ထောက်ပံ့ပေးမည်မဟုတ်ကြောင်း၊ စည်းကမ်းသတ်မှတ်ချက်နှင့် မူဝါဒများကို မိမိတို့ ချိုးဖောက်မည် မဟုတ်ကြောင်းလည်း သမ္မတဟူဂိုချာဗက်ဇ်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အိန္ဒိယကားများ ပြည်ပတင်ပို့ရန်ရည်မှန်း

နယူးဒေလီ မေ ၉

အိန္ဒိယနိုင်ငံ၏ အကြီးဆုံး မော်တော်ကားကုမ္ပဏီဖြစ်သော တာတာမော်တော်ကား ကုမ္ပဏီက ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်တွင် ၎င်းထုတ်ကုန်၏ ၂၀ရာခိုင်နှုန်းကို ပြည်ပတင်ပို့ရောင်းချရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက် ရှိကြောင်း အင်ဒိုအာရှသတင်းဌာနက စနေနေ့၌ ဖော်ပြသည်။ အဆိုပါကားကုမ္ပဏီသည် ကားတင်ပို့ရောင်းချရန် ဈေးကွက် အများအပြားရရှိထားကြောင်း၊ ထို့အပြင် လက်တင်အမေရိကနှင့် အာဖရိကသို့လည်း ယခုနှစ်တွင်တင်ပို့ရန် စဉ်းစားနေကြောင်း ဘန်ဂလိုမြို့၌ တာတာကားကုမ္ပဏီ ဥက္ကဋ္ဌ ရာတန်တာတာက သောကြာနေ့တွင် ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ ရာဇမင်ဂလာ အမျိုးသားအားကစားကွင်းကို မေ ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မလက္ကာရေလက်ကြား လုံခြုံရေးကိစ္စ အင်ဒိုနီးရှား၊ မလေးရှားနှင့် စင်ကာပူဆွေးနွေးမည်

ဂျကာတာ မေ ၉

ပင်လယ်ဓားပြ ခြိမ်းခြောက်မှုရန် မကြာသေးမီက မြင့်တက်ခဲ့သည့် မလက္ကာရေလက်ကြား၏ လုံခြုံရေးကိစ္စကို အင်ဒိုနီးရှား၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့ဆွေးနွေးကြမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနပြောခွင့်ရှိသူက ဂျကာတာ၌ မေလ၆ရက် သောကြာနေ့က ပြောကြားသည်။

အဆိုပါသုံးနိုင်ငံသည် ရေလက်ကြားအတွင်း အကြမ်းဖက်မှု၊ ပင်လယ်ဓားပြတိုက်မှုနှင့် မှောင်ခိုမှု ပြဿနာများကို ဆွေးနွေးကြမည်ဟု ပြောရေးဆိုခွင့်ရှိသူ ယူရီသမ်ရင်က ပြောကြားသည်။

ပြောကြား

မကြာမီက အဆိုပါကျဉ်းမြောင်းသော ရေလက်ကြားအတွင်း အင်ဒိုနီးရှားနှင့် ဂျပန်သင်္ဘောအချို့ ပင်လယ်ဓားပြ တိုက်ခြင်းခံခဲ့ကြရသည်။ ယင်းပြဿနာများကို ဆွေးနွေးရန် အင်ဒိုနီးရှား၊ စင်ကာပူနှင့် မလေးရှားနိုင်ငံခြားရေးဝန်ကြီးများ နားလည်သဘောပေါက်မှုရရှိခဲ့ကြသည်ဟု ၎င်းက ပြောကြားသည်။

ရေလက်ကြားလုံခြုံရေးတိုးတက်စေရန် အင်ဒိုနီးရှားနိုင်ငံသည် နိုင်ငံတကာဆိုင်ရာ ပင်လယ်ရေကြောင်းအဖွဲ့အစည်း (အိုင်အမ်အို) နှင့်အတူ စင်ကာပူအနီး၊ အင်ဒိုနီးရှားနိုင်ငံ၏ အနောက်ဘက်ဖျားရှိ ဘာတမ်ကျွန်းတွင် ပြန်ကြားရေးဌာနထူထောင်သွားမည်ဟု ၎င်းက ပြောကြားသည်။

သဘောတူခဲ့

ဧပြီလက စင်ကာပူ၊ ဂျပန်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ပင်လယ်ဓားပြ နှိမ်နင်းရေးဒေသဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး သဘောတူချက်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး စင်ကာပူ၌ ပြန်ကြားရေးဌာနထူထောင်ရန် သဘောတူခဲ့ကြသည်။

ပြီးခဲ့သည့်နှစ်ကစပြီး မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူတို့သည် ညှိနှိုင်းကင်းလှည့်ရေး အစီအစဉ် တစ်ရပ်ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ရေလက်ကြားအတွင်း တစ်နှစ်လျှင် သင်္ဘောအစင်း ၅၀၀၀၀ ခန့် ဖြတ်သန်းကာ ကမ္ဘာ့ကုန်သွယ်ရေးအတွက် ရေနံသုံးပုံနှစ်ပုံကို သယ်ပို့ခဲ့ကြသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဆေးဝါးအတုများ တိုက်ဖျက်ရေးဆောင်ရွက်ရန် အင်တာနက်သတိပေးစနစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ထူထောင်

မနီလာ မေ ၉

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)က ဆေးဝါးအတုများ တိုက်ဖျက်ရန် အင်တာနက်သတိပေးစနစ် တစ်ရပ်ကို ထူထောင်ထားပြီဖြစ်ကြောင်း မနီလာဒေသဆိုင်ရာရုံးက သောကြာနေ့တွင် ပြောကြားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့သည် လျင်မြန်သောသတိပေးစနစ် (အာအေအက်စ်)ကို ထူထောင်ပြီးဖြစ်ကြောင်း၊ ယင်းဝက်ဘ်ဆိုက်အခြေခံစနစ်သည် မသမာသောနည်းဖြင့် ထုတ်လုပ်သည့်ဆေးဝါးအမျိုးမျိုးကို ကိုင်တွယ်ဖြေရှင်းရန်အတွက် ဖြစ်ကြောင်း ဒဗလျူအိတ်ချ်အို ပစိဖိတ်အနောက်ပိုင်းဒေသဆိုင်ရာ ညွှန်ကြားရေးမှူး ရှီဂဲရုအိုမီက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

ဆေးဝါးအတုများ ကုန်သွယ်ရောင်းဝယ်ခြင်းသည် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုတစ်ရပ်ကျူးလွန်ခြင်းဖြစ်ကြောင်း၊ ယင်းကဲ့သို့ ဆောင်ရွက်ခြင်းကြောင့် ဆင်းရဲသောနိုင်ငံများရော ချမ်းသာသောနိုင်ငံများပါ ထိခိုက်နစ်နာနိုင်ကြောင်း ၎င်းက ပြောကြားသည်။

ဒဗလျူအိတ်ချ်အို၏ စာရင်းဇယားများအရ ကမ္ဘာ့ဈေးကွက်တွင် ဆေးဝါး ၁၀ရာခိုင်နှုန်းမှာ အတုများဖြစ်နိုင်ကြောင်း၊ တန်ဖိုးအားဖြင့် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံဖိုးရှိကြောင်း သိရသည်။

အဓိကအားဖြင့် ယင်းပြဿနာကို ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အများဆုံးခံရကြောင်း၊ ဆေးဝါးအတုများစစ်ဆေးရန် စမ်းသပ်ကိရိယာနှင့် ငွေကြေးလုံလောက်မှုမရှိကြကြောင်း အိုမီက ပြောကြားသည်။ **အမ်အင်အေ၊အင်ဟွာ**

ကားဗုံးပေါက်ကွဲ

ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် မော်တော်ယာဉ်တစ်စီး မီးလောင်နေသည်ကို မေ ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်တွင် အသေခံကားဗုံးဖောက်ခွဲ အီရတ်ပြည်သူ ၂၂ဦး သေဆုံး

ဘဂ္ဂဒက် မေ ၉

ဘဂ္ဂဒက်တောင်ဘက် ဆူဝါရာအရပ်ရှိ လူစည်ကားရာဈေးတစ်ဈေးတွင် မေ ၆ရက်က အသေခံကားဗုံးဖောက်ခွဲခဲ့သောကြောင့် အီရတ်ပြည်သူ ၂၂ဦး သေဆုံးပြီး ၄၀ ကျော်ဒဏ်ရာရရှိခဲ့ကြောင်း ရဲအဖွဲ့မှ ပြောကြားသည်။

အသေခံဗုံးခွဲသူသည် ဖောက်ခွဲပစ္စည်းများ တင်ဆောင်ထားသော ကားအား ဆူဝါရာအရပ်ရှိ လူစည်ကားသော ဟင်းသီးဟင်းရွက်ဈေးအနီးသို့ မောင်းနှင်လာခဲ့ကြောင်း ရဲအဖွဲ့ကဆိုသည်။ အီရတ်မြို့ကြီးများဖြစ်သော တီကရစ်နှင့် မိုဆူးလ်မြို့များတွင် ထိုနေ့အစောပိုင်းက ကားဗုံးအသီးသီးပေါက်ကွဲခဲ့ရာ အီရတ်ရဲတပ်ဖွဲ့ဝင် ၁၁ဦး သေဆုံးပြီး လူအများဒဏ်ရာရရှိခဲ့သည်။ အစိုးရအဖွဲ့တွင် အပြောင်းအလဲများ ပြုလုပ်ကတည်းက လွန်ခဲ့သော ရက်သတ္တပတ်အတွင်း အီရတ်တွင် အသေခံဗုံးဖောက်ခွဲမှု အနည်းဆုံး (၁၈)ကြိမ် ဖြစ်ခဲ့ပြီး လူ ၅၀၀ ခန့်သေဆုံးခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကျောက်မီးသွေးသိုက် ရှာဖွေတွေ့ရှိခဲ့ခြင်းကြောင့် ၁၁၉၁၆၂ ဒသမ ၈၃ မက်ထရစ်တန် ထုတ်လုပ်ပေးနိုင်ခဲ့

တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မောင်ရဲထွဋ်လွင် ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်း(အရှေ့) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မခင်သန္တာနှင်း ဆွေးနွေးတင်ပြစဉ်။ (သတင်းစဉ်)

စာမျက်နှာ ၃ မှ

မောင်ရဲထွဋ်လွင်က ဆွေးနွေးတင်ပြရာတွင် မိမိတို့ တနင်္သာရီတိုင်းအနေဖြင့် ဧရိယာစတုရန်းမိုင်ပေါင်း ၁၆၇၃၆မိုင် ကျယ်ဝန်းပြီး ဗမာ၊ ကရင်၊ ရခိုင်နှင့် ရှမ်းတိုင်းရင်းသား မျိုးနွယ်စုများ စုပေါင်းနေထိုင်လျက်ရှိကြပါကြောင်း။

ပထမဦးစွာ ကျန်းမာရေး ကဏ္ဍတွင် ယခင်က ဆေးရုံပေါင်း ၂၂ရုံသာရှိခဲ့ရာမှ ယခုအခါတွင် ၂၉ရုံ အထိ တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းကြောင့် ဆေးရုံပေါင်း ခုနစ်ရုံနှင့် တိုင်းရင်းဆေးရုံတစ်ရုံတို့ တိုးတက်လာခဲ့ပါကြောင်း။

သိပ္ပံနှင့်နည်းပညာ

သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် ထားဝယ်မြို့နှင့် မြိတ်မြို့များ၌ အစိုးရနည်းပညာကောလိပ်နှင့်အစိုးရကွန်ပျူတာကောလိပ်များ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

ပညာရေးကဏ္ဍတွင်လည်း ယခင်က အခြေခံပညာကျောင်းပေါင်း ၉၆၂ ကျောင်းသာရှိခဲ့ရာမှ ယခုအခါတွင် ၁၁၃၂ကျောင်းအထိ ရှိလာပြီဖြစ်သည့်အတွက် ကျောင်း ၁၇၀ တိုးတက်ခဲ့ပါကြောင်း၊ ယခင်က မရှိခဲ့သော e-Learning Centre များကိုလည်း ယခုအခါတွင် ၁၉ခု ဖွင့်လှစ်ပေးခြင်း၊ ယခုအခါဝိဇ္ဇာသိပ္ပံ တက္ကသိုလ် နှစ်ခုနှင့် e-Learning Centre ၂၁ခု ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း။

တိုးချဲ့စိုက်ပျိုးလာ

စိုက်ပျိုးရေးကဏ္ဍတွင် ယခင်က စိုက်ပျိုးမြေဖော်ထုတ်မှု ၅၃၆၉၀၄ကေသာရှိခဲ့ရာမှ ယခုအခါ ၆၇၆၈၆၀ ကေ တိုးချဲ့ဖော်ထုတ်ပေးခဲ့ခြင်း၊ ဆည်၊ ကန်၊ တာတမံ သုံးခုနှင့် မြစ်ရေတင် လုပ်ငန်း လေးခု တိုးချဲ့ဆောင်ရွက်ပေးခဲ့ခြင်း၊ တစ်ဖက်ကလည်း သီးနှံများ အောင်မြင် ဖြစ်ထွန်းစေရေးအတွက် မိုးစပါးစိုက်ဧက ၁၉၃၃၁၇ ဧကသာရှိခဲ့ရာမှ ယခုအခါ ၃၂၂၅၈၉ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ခြင်းကြောင့် ယခင်ကထက် ၁၂၉၂၇၂ဧက တိုးတက်လာခဲ့ပါကြောင်း၊ နွေစပါး စိုက်ပျိုးမှုမှာလည်း ၃၀၁၀၀ဧက စိုက်ပျိုးနိုင်ခဲ့ပြီး ပဲမျိုးစုံ ၆၅၃၂ ဧက စိုက်ပျိုးနိုင်ခဲ့ပါကြောင်း၊ ရော်ဘာစိုက်ပျိုးမှုမှာ ယခင်က ၈၄၄၉ဧက ရှိခဲ့ရာမှ ယခုအခါ ၁၀၈၁၄၇ဧကအထိ စိုက်ပျိုးနိုင်သည့်အတွက် ၁၉၆၉၈ဧက တိုးတက်လာခဲ့ပါကြောင်း၊ ဆီအုန်း စိုက်ဧကမှာ ယခင်က ၁၆၈၇၈ ဧက သာရှိခဲ့ရာမှ ယခုအခါတွင် ၁၃၅၈၂၅ ဧက စိုက်ပျိုးနိုင်သည့်အတွက် ၁၁၈၉၄၇ ဧက တိုးချဲ့ စိုက်ပျိုးလာနိုင်ပြီ ဖြစ်ပါကြောင်း။

ဆက်သွယ်ရေးကဏ္ဍ အနေဖြင့် ယခင်စာတိုက်က ၂၉ခုသာ ရှိခဲ့ရာမှ ယခုအခါ ၄၃ခုအထိတိုးချဲ့လာခဲ့ခြင်း၊ ယခင်က ကြေးနန်းရုံးကိုးခုသာရှိခဲ့ရာမှ ယခုအခါ အခု ၂၀ အထိ တိုးချဲ့တည်ဆောက်ပေးခြင်း၊ မိုက္ကရိုဝေ့ဗ်စခန်း ယခင်က နှစ်ခုသာရှိခဲ့ရာမှ ယခုအခါ ကိုးခုအထိ တိုးချဲ့ဖွင့်လှစ်ပေးပြီး ဖြစ်ပါကြောင်း။

ကျောက်မီးသွေးသိုက်

သတ္တုကဏ္ဍ အနေဖြင့်လည်း ၁၉၈၈နောက်ပိုင်းတွင် ပုလဲစခန်း ခုနစ်ခုဖြင့် တိုးမြှင့်ရှာဖွေနိုင်ခဲ့ခြင်းကြောင့် ၁၀၅၄၇၀ ဒသမ ၅၇မိုမီ ထုတ်လုပ်နိုင်ခဲ့ခြင်း၊ခဲမဖြူနှင့် အဖြိုက်နက်မှာလည်း၄၄၇ဒသမ ၂၉ မက်ထရစ်တန် ထုတ်လုပ်ပေးနိုင်ခဲ့ခြင်းနှင့် ကျောက်မီးသွေးသိုက်ကို ရှာဖွေ တွေ့ရှိခဲ့ခြင်းကြောင့် ၁၁၉၁၆၂ ဒသမ ၈၃ မက်ထရစ်တန် ထုတ်လုပ်ပေးနိုင်ခဲ့ပြီးဖြစ်ပါကြောင်း။

မွေးမြူရေးကဏ္ဍအနေဖြင့် ယခင်က တိရစ္ဆာန်ကောင်ရေ ၁၀ ဒသမ ၁၂သိန်းသာ ရှိခဲ့ရာမှ ယခုအခါ ၃၂ ဒသမ၄၅ သိန်းအထိ မွေးမြူလာခဲ့သဖြင့် ၂၂ ဒသမ၃၃သိန်း တိုးတက်လာခဲ့ပြီ ဖြစ်ပါကြောင်း၊ ငါးမွေးမြူရေးကန် ၂၂၆ဒသမ၁၃ ဧကနှင့် ပုစွန်မွေးမြူရေးကန် ၉၃၅ ဒသမ ၂၁ဧက အထိ တိုးတက်မွေးမြူထားပြီး ဖြစ်ပါကြောင်း။

ပို့ဆောင်ရေးနှင့် လမ်းပန်း ဆက်သွယ်ရေးကဏ္ဍတွင် ရထားလမ်းခရီးမိုင်ကို ယခုအခါ ၈၇ဒသမ၄၇မိုင်နှင့် သံလမ်းမိုင် ၉၅ဒသမ ၆၈မိုင် ဖောက်လုပ်ပေးခဲ့ပြီး ဖြစ်ပါကြောင်း။

လေကြောင်းပို့ဆောင်ရေးအနေဖြင့် ယခင်ကလေယာဉ်ကွင်း လေးခုရှိခဲ့ပြီး ယခုအခါငါးခုရှိလာခဲ့ပါကြောင်း၊ ယခင်က ဆိပ်ခံတံတား ခုနစ်ခုသာရှိခဲ့ရာမှ ယခုအခါ ၁၁ခုအထိ တိုးတက်လာခဲ့ပါကြောင်း၊လမ်းတံတားတိုးတက်မှုကိုကြည့်မည်ဆိုလျှင်လည်း ယခင်က ၃၉၇မိုင် ၁ဖာလုံသာ ရှိခဲ့ရာမှ ယခုအခါ ၆၈၉မိုင် ၂ဖာလုံ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပါကြောင်း။

တံတားများအနေဖြင့် ယခင်က ပေ၁၈၀ အထက်တံတား ရှစ်စင်းသာ ရှိခဲ့ရာမှ ယခုအခါ ၁၅စင်း ရှိလာခဲ့ပါကြောင်း၊ ပေ ၁၈၀အောက်တံတား ၁၄၂စင်းသာရှိခဲ့ရာမှ ယခုအခါ ၁၉၈ စင်းအထိ ရှိလာခဲ့သဖြင့် နိုင်ငံတော်မှ ၅၆စင်း တည်ဆောက်ပေးနိုင်ခဲ့ပြီး ဖြစ်ပါကြောင်း။

စက်မှုလက်မှုကဏ္ဍ

စက်မှုလက်မှုကဏ္ဍအနေဖြင့် ယခုအခါတွင် စက်မှုဇုန် တစ်ခုရှိလာခဲ့ပြီး လုပ်ငန်းပေါင်း ၁၉ခု တိုးတက် ထုတ်လုပ်နိုင်ခဲ့ပါကြောင်း၊ ပုဂ္ဂလိက စက်ရုံလုပ်ငန်းအနေဖြင့် ယခင်က ၃၃၁ ရုံသာရှိခဲ့ရာမှ ယခုအခါ ၈၂၀ ရုံ အထိ ရှိလာသည့်အတွက် စက်ရုံပေါင်း ၄၈၉ရုံ တိုးတက်လာခဲ့ပါကြောင်း။

စွမ်းစွမ်းတမံ

နိဂုံးချုပ် တင်ပြရလျှင် မိမိတို့ တနင်္သာရီတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး အသင်းကြီးမှ ချမှတ်ခဲ့သော ဦးတည်ချက် (၇)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ်အား အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ပြည်သူ့အကျိုးပြု လုပ်ငန်းများနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး ငါးရပ်တို့ကို အသင်းဝင်အားလုံးက စွမ်းစွမ်းတမံ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြု ပြောကြားရင် နိဂုံးချုပ်အပ်ပါကြောင်း ပြောကြားသွားသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်များ၊ နိုင်ငံတော်က ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် မူဝါဒလမ်းစဉ်များအား စွမ်းစွမ်းတမံ ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်။

ကျေးလက်ရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ ကျေးရွာပေါင်း ၂၂၇၁ ရွာ ရေရရှိအောင် ဆောင်ရွက်ပေးခဲ့

ပဲခူးတိုင်း(အရှေ့)

ယင်းနောက် ပဲခူးတိုင်း(အရှေ့) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းမှ မခင်သန္တာနှင်းက ဆွေးနွေး တင်ပြရာတွင် မိမိတို့ အနေဖြင့် တပ်မတော်အစိုးရ လက်ထက် ပဲခူးတိုင်း၏ ဖွံ့ဖြိုးတိုးတက်မှုများကို တင်ပြသွားမှာဖြစ်ပါကြောင်း။

မိမိတို့ ပဲခူးတိုင်းသည် အကျယ်အဝန်းအားဖြင့် ဧရိယာ စတုရန်းမိုင် ၂၄၇၉၃ ကျယ်ဝန်းပါကြောင်း၊ ပဲခူးတိုင်းအတွင်း မှီတင်းနေထိုင်ကြသော လူမျိုးများမှာ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်းစသော တိုင်းရင်းသားလူမျိုးများဖြင့် ဖွဲ့စည်းထားပြီး လူဦးရေစုစုပေါင်း ၅၂၅၈၇၆၄ ဦးနေထိုင်သော ပြည်ထောင်စုငယ်လေးသဖွယ်ဖြစ်နေပါကြောင်း၊ တစ်စတုရန်းမိုင်လျှင် လူဦးရေ ၂၂၄ ဦးနေထိုင်ကြပါကြောင်း။

မြို့ရွာစည်ပင်ဖွံ့ဖြိုးရေး

ပထမဦးစွာ ပဲခူးတိုင်း၏ မြို့ရွာစည်ပင်ဖွံ့ဖြိုးရေးကဏ္ဍကို တင်ပြရမည်ဆိုပါလျှင် ယခင်က မြို့ပြလမ်း ၃၃၃ မိုင် ၇ ဖာလုံမှ ယခုအခါ ၅၉၁ မိုင် ၁ ဖာလုံရှိလာပြီး ၂၆၃ မိုင် ၂ ဖာလုံ တိုးတက်ဖောက်လုပ်နိုင်ခဲ့ပါကြောင်း၊ ကတ္တရာလမ်း ၆၂ မိုင် ၅ ဖာလုံ၊ကျောက်လမ်း၄၄ မိုင် ၇ ဖာလုံ၊ ဂဝံလမ်း ၁၃၆ မိုင် ၅ ဖာလုံ၊ မြေသားလမ်း ၁၉ မိုင် ၁ ဖာလုံ အသီးသီးတိုးတက်လာသည်ကို တွေ့ရမှာဖြစ်ပါကြောင်း။

မြို့ရေပေးရေးလုပ်ငန်းမှာလည်း ယခင်က ၁၀ ခုသာရှိခဲ့ပြီး ယခုအခါ ၂၈ ခုဖြစ်လာသည့်အတွက် ၁၈ ခုတိုးတက် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ကျေးလက် ရေရရှိရေးကိုလည်း လစ်လပ်မှုမရှိအောင်ဆောင်ရွက်ပေးလျက်ရှိရာ ယခုအခါ ကျေးရွာပေါင်း ၂၂၇၁ ရွာ ရေရရှိအောင် ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ကျေးရွာချင်းဆက် မြို့ကိုတက်ဆိုသကဲ့သို့ ကျေးလက်လမ်းများကို ဖောက်လုပ်ပေးလျက်ရှိရာ ၂၅၇၈ မိုင် ၄ ဖာလုံ တိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပြီး ကျေးလက်အိမ်ရာပေါင်း ၄၁၅ လုံး ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ပါကြောင်း။

လမ်းတံတားများ

လမ်းတံတားများကိုတိုးချဲ့ဆောက်လုပ်ပေးလျက်ရှိရာ ယခင်ကပေ ၁၈၀ အထက် တံတား ၃၆ စင်း သာရှိခဲ့သော်လည်း ယခုအခါ ၅၆ စင်းအထိ တည်ဆောက်ပြီးသည့်အတွက် တံတားအစင်း ၂၀ တိုးတက်တည်ဆောက်ပေးခဲ့ပြီး ပေ ၁၈၀ အောက် တံတားမှာ ယခင်က ၅၀၀ရှိရာမှ ယခုအခါ ၆၁၉ စင်းဖြစ်လာသည့်အတွက် ၁၁၉ စင်း တိုးတက်လာခဲ့ပါကြောင်း။

တိုးချဲ့တည်ဆောက်

ရထားပို့ဆောင်ရေးတွင် ယခင်က ရထားလမ်းမိုင် ၃၄၅မိုင် ၄ ဖာလုံသာ ရှိခဲ့ပြီး ယခုအခါ ၃၇၁ မိုင်ဖြစ်လာသည့် အတွက် ၁၆ မိုင် ၂ ဖာလုံ၊ သံလမ်းမိုင် ၁၇မိုင်၃ဖာလုံ တိုးတက်ခဲ့ပါကြောင်း၊ ယခင်က ဘူတာရုံ ၉၄ရုံသာရှိခဲ့ပြီး ယခုအခါ ၉၉ ရုံဖြစ်လာသဖြင့် ဘူတာရုံ ငါးရုံ၊ ယခင်က လေယာဉ်ကွင်း နှစ်ကွင်းသာရှိခဲ့ပြီး ယခုအခါ သုံးကွင်းဖြစ်လာသည့်အတွက် လေယာဉ်ကွင်းတစ်ကွင်းနှင့် ပေ ၅၀၀၀ အထက် လေယာဉ်ပြေးလမ်း ယခင်က တစ်ခုသာရှိခဲ့ပြီး ယခုအခါ နှစ်ခုဖြစ်လာသည့်အတွက် လေယာဉ်ပြေးလမ်းတစ်ခု တိုးချဲ့တည်ဆောက်နိုင်ခဲ့ပါကြောင်း။

ကားလမ်း တိုးချဲ့ဖောက်လုပ်မှုအနေဖြင့် ယခင်က ၈၁၅ မိုင်သာရှိခဲ့ပြီး ယခုအခါ ၁၀၁၅ မိုင် ၄ ဖာလုံ ရှိလာသည့်အတွက် ၂၀၀မိုင် ၄ ဖာလုံ၊ ကတ္တရာလမ်း ၃၉ မိုင် ၇ ဖာလုံ၊ ကျောက်ခင်းလမ်း ၃၂မိုင်၃ ဖာလုံတိုးချဲ့ဖောက်လုပ်နိုင်ခဲ့ပါကြောင်း၊ မိမိတို့ ပဲခူးတိုင်း၏လယ်ယာစီးပွားရေး ကဏ္ဍမှာ ဆည်တမံများ၊ ရေထိန်းတမံများကို အားဖြည့် ထပ်မံတည်ဆောက်ပေးခြင်းဖြင့် လယ်ယာကဏ္ဍမှာ ပိုမိုအခြေခိုင်မာလာပြီဖြစ်ပါကြောင်း၊ ယခင်စိုက်ပျိုးမြေ ၂၈၂၅၁၆၅ ဧကသာရှိခဲ့ပြီး ယခုအခါ ဧက ၃၀၉၈၅၇၈ ဧကရှိလာပြီဖြစ်သောကြောင့် ၂၇၃၄၁၃ ဧက တိုးတက်ခဲ့ပါကြောင်း။

တိုးချဲ့စိုက်ပျိုးနိုင်

စိုက်ပျိုးရေရရှိရေး ကြိုးပမ်းမှု အနေဖြင့် ဆည်၊ ကန်၊ တာတမံ၊ ရေနုတ်မြောင်း ၄၄ ခု၊ မြစ်ရေတင် လုပ်ငန်း ၈၇ ခုတို့ကို တိုးချဲ့တည်ဆောက်နိုင်ခဲ့ပါကြောင်း၊ ချောင်းမြောင်းတမံ ပိတ်ဆို့မှုအနေဖြင့် ၁၂၀၆ ခု လုပ်ဆောင်နိုင်ခဲ့သောကြောင့် အကျိုးပြု ဧက ၁၄၉၆၉၈၈ ဧက တိုးတက်လာခဲ့ပြီး မိုးစပါးစိုက်ဧက ၅၅၀၀၀၀၊ နွေစပါး ဧက ၁၇၅၀၀၀၊ ပဲမျိုးစုံ ၁၀၁၃၀၃၆ ဧက၊ ဝါ ၁၈၄၄၈ ဧက၊ ကြံ ၁၉၉၉၂ ဧက၊ ရော်ဘာ ၃၈၇၀၅ဧက အထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပါကြောင်း။

ဆက်လက်၍ သစ်တောကဏ္ဍ ကိုတင်ပြသွားမှာဖြစ်ပါကြောင်း၊ ယခင်က ကြိုးဝိုင်းတော ၅၁၈၀ မိုင်ရှိရာမှ ယခု ၅၂၇၅ မိုင်အထိ ရှိလာပြီး ၉၂ မိုင် တိုးတက်လာခဲ့ပါကြောင်း၊ ကြိုးပြင်ကာကွယ်တောမှာ ယခင်က မရှိခဲ့သော်လည်း ယခုအခါ ၅၇၃ မိုင်ရှိခဲ့ပြီး စိုက်ခင်းထူထောင်ခြင်း အနေဖြင့်ကျွန်းအထူးစိုက်ခင်း ၆၃၀၀၀ ဧက၊စီးပွားရေးစိုက်ခင်း ၁၂၀၅၁၃ဧက၊ သစ်ဆိမ့်ပင်စိုက်ခင်း ၅၁၅၀ ဧက၊ လူထုလှုပ်ရှားမှု သစ်ပင်စိုက်ပျိုးခြင်းအနေဖြင့် ၁၅၅၇ ဧက တိုးမြှင့်စိုက်ပျိုးပြီးဖြစ်ပါကြောင်း။

သစ်တောထိန်းသိမ်းမှု

ပဲခူးရိုးမကြီး စိမ်းလန်းစိုပြည်ရေးအတွက် သဘာဝသစ်တောထိန်းသိမ်းမှု ယခင်က မရှိခဲ့သော်လည်း ယခုအခါဧက ၂၀၀၀ အထိ တိုးတက်လာကာ ထင်းအစားထိုး လောင်စာများအနေဖြင့် စွမ်းအားမြှင့်မီးဖို ၁၂၀၀၊ လောင်စာတောင့်၂၀၀၀၀၀နှင့် စိုက်ပျိုးရေးစွန့်ပစ် ပစ္စည်းတန် ၃၅၀ အထိ တိုးတက်ထုတ်လုပ်နိုင်ခဲ့ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် မိမိတို့ပဲခူးတိုင်း(အရှေ့) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးကလည်း ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအစီအစဉ်များ၊ နိုင်ငံတော်က ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် မူဝါဒလမ်းစဉ်များအား စွမ်းစွမ်းတမံ ပူးပေါင်းပါဝင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သန္နိဋ္ဌာန်ချရင်း နိဂုံးချုပ်အပ်ပါကြောင်း ဖြင့် ပြောကြားသွားသည်။

(ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၏ ဆွေးနွေးတင်ပြချက်များကိုဆက်လက်ဖော်ပြသွားပါမည်။) (သတင်းစဉ်)

11-5 (05).p65 1 3/26/05, 8:17 AM

ပြည်ထောင်စုစိတ်ဓာတ် ခြောက်ခန်းနေတဲ့ အမျိုးသားသစ္စာဖောက်တွေ ပြည်ထောင်စုကြီး ဖရိုဖရဲပြိုကွဲသွားအောင် အမြဲကြံစည်လုပ်ဆောင်လေ့ရှိ အမျိုးသားသစ္စာဖောက်တွေဟာ အမိမြေအတွက် ဆန်ကုန်မြေလေးဖြစ်

ရန်ကုန် မေ ၁၀

ပြည်ပြေးစစ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ် ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၀ ရက် နံနက် ၇ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့ မြို့မ ပြည်သူ့အားကစားကွင်း၌ကျင်းပရာ သဘာပတိ မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်မှ ရှမ်းတိုင်းရင်းသား တောင်သူ ဦးစိုင်းထွမ်းဆာက အဖွင့်မိန့်ခွန်းကို အောက်ပါအတိုင်း ပြောကြားသွားသည်။

မိုင်းရယ်မြို့နယ် လူထုအစည်းအဝေးကြီးသို့ စုဝေးတက်ရောက်လာကြတဲ့ တိုင်းရင်းသား ပြည်သူလူထုကြီးခင်ဗျား--

ကျွန်တော်ကတော့ မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်မှ တောင်သူ ဦးစိုင်းထွမ်းဆာဖြစ်ပါတယ်။ ဒီလူထုအစည်းအဝေးကြီးမှာ သဘာပတိအဖြစ် ဆောင်ရွက်ရတဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူလို့ မဆုံးပါဘူးခင်ဗျာ။ ပြည်သူအားလုံး အောင်မြင်မှုအဖြာဖြာရရှိပြီး မင်္ဂလာအပေါင်းနဲ့ ခညောင်းကြပါစေလို့ ဆုတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျွန်တော်တို့ ရှမ်းပြည်နယ်မှ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများဟာ ရှေးပဝေသဏီကတည်းက အမျိုးကိုစောင့်ရှောက်တဲ့ ဝံသာနုရက္ခိတတရား ကိုယ်စီစွဲကိုင်ပြီး ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးဖြင့် အတူယှဉ်တွဲ နေထိုင်ခဲ့ကြသူများ ဖြစ်ပါတယ်။ ပြည်ထောင်စုဖွား တိုင်းရင်းသားများ ချစ်ကြည်လက်တွဲပြီး ကာကွယ်စောင့်ရှောက်တည်ဆောက်ခဲ့ကြတဲ့ ပြည်ထောင်စုနိုင်ငံတော်ကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲနေဖို့ ကျွန်တော်တို့အားလုံး သန္နိဋ္ဌာန်ချခဲ့ကြပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုကြီး ခိုင်ခံ့တည်မြဲစေလိုတဲ့ စိတ်ဓာတ်၊ ပြည်ထောင်စုကြီးစည်းလုံးညီညွတ်ပြီး ငြိမ်းချမ်းလုံခြုံစေလိုတဲ့ စိတ်ဓာတ်၊ ပြည်ထောင်စုကြီး အဘက်ဘက်က ဖွံ့ဖြိုးတိုးတက်နေစေလိုတဲ့ စိတ်ဓာတ်ကို လွှမ်းခြုံစုစည်းလိုက်ရင် ကျွန်တော်တို့ မြန်မာတိုင်းရင်းသား



အဖွင့်မိန့်ခွန်း ပြောကြား

ပြည်ပြေးစစ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးတွင် သဘာပတိ မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်မှ ရှမ်းတိုင်းရင်းသား တောင်သူ ဦးစိုင်းထွမ်းဆာက အဖွင့်မိန့်ခွန်း ပြောကြားစဉ်။

(သတင်းစဉ်)

တွေရဲ့ ဝိသေသလက္ခဏာဖြစ်တဲ့ ပြည်ထောင်စုစိတ်ဓာတ် ဖြစ်တည်လာတာဖြစ်ကြောင်း တွေ့ရှိနိုင်ပါတယ်။

ပြည်ထောင်စုစိတ်ဓာတ်ဆိုတာ မြင့်မြတ်တဲ့စိတ်ဓာတ်၊ အပြုသဘောဆောင်တဲ့ စိတ်ဓာတ်၊ ပြည်ထောင်စုကြီးကိုချစ်မြတ်နိုးတဲ့စိတ်ဓာတ် ဖြစ်ပါတယ်။ ပြည်ထောင်စုစိတ်ဓာတ်ကိုယ်စီ မွေးမြူပျိုးထောင်ထားရှိပြီးဖြစ်တဲ့ ပြည်ထောင်စုဖွားတိုင်းရင်းသားတွေဟာ ပြည်ထောင်စုကြီးရဲ့ ကောင်းရာ ကောင်းကျိုးကိုပဲ အမြဲရှေးရှုဦးတည် ဆောင်ရွက်ပါတယ်။

ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်နဲ့ အမျိုးသားရေးစိတ်ဓာတ် ခြောက်ခန်းနေတဲ့ အမျိုးသားသစ္စာဖောက်တွေကတော့ ပြည်ထောင်စုကြီး ဖရိုဖရဲနဲ့ ပြိုကွဲသွားအောင်သာ အစဉ်အမြဲ ကြံစည်လုပ်ဆောင်လေ့ရှိပါတယ်။ အဲဒီလိုပြည်ထောင်စု စိတ်ဓာတ်ခန်းခြောက်နေတဲ့ အမျိုးသားသစ္စာဖောက်တွေဟာ ကျွန်တော်တို့ အမိမြေအတွက်တော့ ဆန်ကုန်မြေလေးတွေပဲ ဖြစ်ပါတယ်ခင်ဗျား။

တိုင်းရင်းသားပြည်သူလူထုကြီးခင်ဗျား--

ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်နဲ့ စတုတ္ထဇနီး မဟာဒေဝီ စဝ်ဟိန်းခမ်းတို့ရဲ့သား ကနေဒါနိုင်ငံကို ထွက်ပြေးရောက်ရှိသွားတဲ့ ပြည်ပြေးစဝ်ခမ်ဖနဲ့ အဖွဲ့က ရှမ်းပြည်နယ်ကို ပြည်ထောင်စုထဲမှ ဖဲ့ထုတ်ဖို့ ဧပြီလ ၁၇ ရက်နေ့မှာ ကြေညာချက်ထုတ်ပြီး လုပ်ကြံလာတာကို တွေ့ရှိရပါတယ်။ သူတို့ ပြည်ပြေးအုပ်စုက ရှမ်းပြည်နယ်အတွင်း မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူလူထုကြီးရဲ့ ဆန္ဒသဘောထား တစ်ရွေးသားမျှမပါဘဲနဲ့ ရှမ်းပြည်နယ်ကို သီးခြားရှမ်းသမ္မတနိုင်ငံတည်ထောင်မယ်လို့ အရူးချေးပန်း လေဖမ်းဒန်းစီးလုပ်လာတာပဲ ဖြစ်ပါတယ်။ တစ်နည်းဆိုရရင် ဒါဟာ တိုင်းပြည်နဲ့လူမျိုးအပေါ် သစ္စာဖောက်ရုံမျှမကဘဲ ကျွန်တော်တို့ရှမ်းပြည်နယ်အတွင်းမှာ မှီတင်းနေထိုင်ကြတဲ့ တိုင်းရင်းသားပြည်သူအပေါင်းရဲ့ နောက်ကျောကို ဓားနဲ့ထိုးလိုက်တာပဲ ဖြစ်ပါတယ်။ ဒါ့ကြောင့်မို့ ပြည်ပြေးစဝ်ခမ်ဖတို့ရဲ့ သူခိုးဓားရိုးကမ်းလုပ်ရပ်ကို ကျွန်တော်တို့ရှမ်းပြည်နယ်သူ ပြည်နယ်သားတွေက လုံးဝမကျေနပ်ကြောင်း ကြေညာလိုက်ပါတယ်ခင်ဗျား။

ပြည်ပြေးစဝ်ခမ်ဖနဲ့အပေါင်းပါတစ်စုရဲ့လုပ်ရပ်ဟာ စည်းလုံးညီညွတ်မှု၊ လုံခြုံတည်ငြိမ်မှု၊ လွတ်လပ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်း၊ အလားအလာကောင်းတွေနဲ့ ဝေဆာနေတဲ့ ကျွန်တော်တို့ ပြည်ထောင်စုကြီးကို ဖြိုခွဲဖို့ကြံစည်တဲ့ ဒေဝဒတ်လုပ်ရပ်ပဲ ဖြစ်ပါတယ်။

ကျွန်တော်တို့ ဒေသခံပြည်သူတွေဟာ ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံးနဲ့အတူ ပြည်ပြေးစဝ်ခမ်ဖတို့အုပ်စုရဲ့ ကြေညာချက်ကို လုံးဝလက်မခံဘဲ ဆန့်ကျင်ရှုတ်ချလျက် ရှိပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ မိုင်းရယ်မြို့နယ်ဒေသခံတိုင်းရင်းသားပြည်သူလူထုရဲ့ သဘောထားဆန္ဒကို ဒီကနေ့ လူထုအစည်းအဝေးမှာ ဖွင့်ဟဖော်ထုတ်ကြပါ၊ ဆွေးနွေးတင်ပြကြပါလို့ဖိတ်ခေါ်အပ်ပါတယ်။ အခုလို ဒေသခံပြည်သူများ စုစုစည်းစည်းတက်တက်ကြွကြွနဲ့ လူထုအစည်းအဝေးကြီးသို့ တစ်ခဲနက် တက်ရောက်လာကြတဲ့အတွက်ဒေသအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။ ။

ပြည်ပြေး စဝ်ခမ်ဖနဲ့ အပေါင်းပါ တစ်စုရဲ့ လုပ်ရပ်ဟာ စည်းလုံးညီညွတ်မှု၊ လုံခြုံတည်ငြိမ်မှု၊ လွတ်လပ်အေးချမ်းမှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်း၊ အလားအလာ ကောင်းတွေနဲ့ ဝေဆာ နေတဲ့ ကျွန်တော်တို့ပြည်ထောင်စုကြီးကို ဖြိုခွဲဖို့ကြံစည်တဲ့ ဒေဝဒတ်လုပ်ရပ်ပဲဖြစ်။

11-5 (06).p65 1 3/26/05, 8:17 AM

ကိုယ်ကျိုးစည်းစိမ်ချမ်းသာဆိုတဲ့ ဘို့တစ်ဘို့တည်းသာသိတဲ့ ပြည်ပြေးစဝ်ခမ်ဖက ရှမ်းပြည်နယ်ခွဲထွက်ရေး ကြေညာချက်ထုတ်ပြန်လာတာတွေ့ရ ပဒေသရာဇ်ဆိုး ကိုယ်ကျိုးရှာ ပြည်ပြေးတွေရဲ့လုပ်ကြံမှုထောင်ချောက်အတွင်း မိုင်းရယ်လူထုကြီး ဘယ်တော့မှမဆင်းဘူးလို့ အတိအလင်းကြေညာ

ရန်ကုန် မေ ၁၀

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကို မေ ၁၀ ရက် နံနက် ၇ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့ မြို့မပြည်သူ့အားကစားကွင်း၌ကျင်းပရာ မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်မှ ဒေသခံ ရှမ်းတိုင်းရင်းသား ဦးစိုင်းစံမြတ်က“ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း” အဆိုကို အောက်ပါအတိုင်း တင်သွင်းသွားသည်။

လေးစားအပ်ပါသော သဘာပတိကြီးနှင့် သဘာပတိအဖွဲ့ဝင်များ၊ လူထုအစည်းအဝေးကြီးသို့ တစ်ခဲနက်တက်ရောက်လာကြသော ချစ်ကြည်လေးစားအပ်သည့် မိုင်းရယ်မြို့နယ်မှ ဒေသခံတိုင်းရင်းသားပြည်သူများ ငြိမ်းချမ်းခြင်း၏ အရသာ၊ လွတ်လပ်ရေး၏ အရသာ၊ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်မှု၏ အရသာများကို ဆတက်ထမ်းပိုး ခံစားနိုင်ကြပါစေကြောင်း ဆန္ဒပြုဆုတောင်းရင်း နှုတ်ခွန်းဆက်သလိုက်ပါတယ်။

ကျွန်တော်ကတော့ မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်မှ ဦးစိုင်းစံမြတ်ဖြစ်ပါတယ်။ ဒီလူထုအစည်းအဝေးကြီးမှာ “ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း”အဆိုကို တင်သွင်းသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့ ဒေသခံတိုင်းရင်းသားပြည်သူတွေဟာ အနိဋ္ဌာရုံ အတွေ့အကြုံနဲ့ အပျက်တရားကာလများကိုလဲ ကြုံဖူးခဲ့ကြပါပြီ။ ဣဋ္ဌာရုံအနေအထားနဲ့ အပြုတရားကာလများကိုလဲ ကြုံတွေ့နေကြရပါပြီ။ ဒါကြောင့် အကောင်းနဲ့အဆိုး၊ အကြောင်းနဲ့အကျိုး ခွဲခြားနိုင်တဲ့အနေအထားမှာ ရှိနေကြပါပြီ။

ဒီဒေသတွေဟာ ရေမြေ၊ တောတောင်၊ သဘာဝအလှအပတွေနဲ့ ပြည့်လျှမ်းနေပါတယ်။ ရောင်မျိုးစုံဝတ်စားဆင်ယင်ထားတဲ့ တိုင်းရင်းသားလူမျိုးစုံရဲ့ လှပတင့်တယ်မှုတွေလဲ စုံလင်လျက်ရှိပါတယ်။ အဲဒီလိုလှပကောင်းမြတ်တဲ့ဒီမြေဟာ နယ်ချဲ့သမားရဲ့ နှစ်တစ်ရာကျော်၊ ပဒေသရာဇ် ရှမ်းစော်ဘွား စော်ခံများရဲ့ နှစ်ရှည်လများ ဖိနှိပ်ခြယ်လှယ် သွေးစုပ်တာကိုလဲ ခံခဲ့ကြရဖူးပါပြီ။

လွတ်လပ်ရေးရလာပြီးတဲ့နောက် ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲ၊ ပါတီစွဲ၊ အုပ်စုစွဲ၊ အာဏာစွဲတွေနဲ့ အချင်းချင်း ညီအစ်ကိုမသိတသိ တိုက်ခိုက်ခဲ့ကြလို့ ဒေသခံတိုင်းရင်းသားတွေ နေ့စဉ်နဲ့အမျှ ဘုရားတနေခဲ့ရပါတယ်။ စော်ဘွားတွေ အာဏာစွန့်ရပြီး ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေး ပန္နက်ချခဲ့တဲ့ ၁၉၅၉ ခုနှစ် ဧပြီလနောက်ပိုင်းမှာ စော်ဘွားအချို့က ရှမ်းသောင်းကျန်းမှုဖြစ်ပေါ်အောင် လှုံ့ဆော်ဖန်တီးလာခဲ့ပါတယ်။ ပြည်ထောင်စုကြီးကို ရှစ်စိတ်ခွဲပစ်မယ့် ဖက်ဒရယ်မူလှုပ်ရှားမှုကြီးနဲ့ တိုင်းပြည်ကို မီးလောင်တိုက်သွင်းဖို့ ကြံစည်ခဲ့ကြပါတယ်။ အဲဒီတုန်းကလဲ ဖက်ဒရယ်သမားဆိုတဲ့ ပြည်ထောင်စုဖြိုခွဲရေးသမားတွေကို တပ်မတော်နဲ့ ပြည်သူက အချိန်မီ ဟန့်တားဖယ်ရှားပစ်ခဲ့ရပါတယ်။

အခုတစ်ခါ ကိုယ်ကျိုးစည်းစိမ်ချမ်းသာဆိုတဲ့ ဘို့တစ်ဘို့တည်းသာသိတဲ့ စော်ဘွားအနွယ်ပောင်းတစ်စုကို နောက်ဆုံး ညောင်ရွှေစော်ဘွားရဲ့သား စဝ်ခမ်ဖဆိုတဲ့ ပြည်ပြေးက ဦးစီးပြီး ရှမ်းပြည်နယ်ခွဲထွက်ရေး ကြေညာချက် ထုတ်ပြန်လာတာ တွေ့ရပါတယ်။ ဒါဟာ ပြည်ပမှာ နယ်ချဲ့သမားတွေဆီက လက်ဖြန့်တောင်းစားနေရတဲ့ ပြည်ပြေးတွေရဲ့ ဝသီအတိုင်း သခင်အားရ ကျွန်ပါးဝ လုပ်ပြလိုက်တာပဲ ဖြစ်ပါတယ်ခင်ဗျား။

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ ဒေသခံ တိုင်းရင်းသား ပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင် ရှုတ်ချကြောင်း အဆိုကို မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်မှဒေသခံ ရှမ်း တိုင်းရင်းသား ဦးစိုင်းစံမြတ် က အဆိုတင်သွင်းစဉ်။
(သတင်းစဉ်)

သဘာပတိကြီးခင်ဗျား–

ကျွန်တော်တို့ တစ်မြေပေါ်အတူဖွား ပြည်ထောင်စုသား သွေးချင်းများက အမိပြည်ထောင်စုကြီး ငြိမ်းချမ်းလုံခြုံရေးနဲ့ ဖွံ့ဖြိုးတိုးတက်သာယာဝပြောရေးအတွက် တက်ညီလက်ညီ ကြိုးပမ်းဖော်ဆောင်နေကြစဉ်မှာ စဝ်ခမ်ဖတို့က အခုလို ပြည်ထောင်စုကြီးကို စိတ်ပိုင်းပစ်ဖို့ မတော်မတရား ကြံစည်လာတာကို ပြည်ထောင်စုတစ်ဝန်းလုံးက နိုင်ငံရေးပါတီတွေ၊ အသင်းအဖွဲ့တွေ၊ ငြိမ်းချမ်းရေးအဖွဲ့တွေနဲ့ ပြည်သူတစ်ရပ်လုံး နိုးကြားတက်ကြွ ဆန့်ကျင်ကန့်ကွက်နေကြတာ အားလုံးအသိပဲ ဖြစ်ပါတယ်။ တိုင်းရင်းသားငြိမ်းချမ်းရေးအဖွဲ့များရဲ့ သဘောထားထုတ်ပြန်ချက်တိုင်းမှာ ပြည်ထောင်စုပြိုကွဲစေတဲ့ လုပ်ရပ်မျိုးကို လုံးဝလက်မခံကြောင်း၊ ပြည်ထောင်စုမှ မိမိတို့ မည်သည့်အခါမှ ခွဲမထွက်ကြောင်း၊ ခွဲထွက်ရေးလုပ်ရပ်မှန်သမျှ ပြစ်တင်ရှုတ်ချကြောင်း တညီတညွတ်တည်း ကြေညာသွားကြတာကို တွေ့ရပါတယ်။

တစ်ချိန်က သံသယတွေ၊ နယ်ချဲ့သွေးခွဲမှုပယောဂတွေနဲ့ ပြည်ပပယောဂတွေဝင်ပြီး လက်နက်စွဲကိုင်ခဲ့ကြတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကြီး ၁၇ ဖွဲ့နဲ့ အဖွဲ့ငယ်တွေဟာ တရားဥပဒေရင်ပြင်၊ ငြိမ်းချမ်းရေးရင်ခွင်အတွင်း ဝင်လာကြလို့ ပြည်ထောင်စုတစ်ခုလုံး ငြိမ်းချမ်းရေးရောင်ခြည်တွေ ယှက်သန်းလွှမ်းခြုံနေပြီ ဖြစ်ပါတယ်။

ဦးကန်နတို့ရဲ့ SSNA တပ်မဟာ(၁၁)နဲ့၊ ဦးအိုက်မုန်းတို့ရဲ့ ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့တို့က ငြိမ်းချမ်းရေးနဲ့လက်နက် အပြီးအပိုင်လဲလှယ်ခဲ့ကြလို့ နယ်မြေဒေသတွေမှာ ပိုမိုလုံခြုံစိတ်ချချမ်းမြေ့နေကြချိန်မှာ စဝ်ခမ်ဖတို့က ခုလိုအဖျက်မှိုင်းတိုက်လာတဲ့အတွက် ငြိမ်းချမ်းရေးကိုလိုလားသော၊လွတ်လပ်ရေးကို မြတ်နိုးသော၊ ပြည်ထောင်စုကြီးကို အသက်နဲ့ထပ်တူ စုံမက်ချစ်ခင်ကြတဲ့ တိုင်းရင်းသားပြည်သူတွေ ခံပြင်းအုံကြွ ဒေါသထွက်ခဲ့ကြရပါတယ်။

စဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုဟာ မြန်မာနိုင်ငံကြီး အေးချမ်းသာယာစည်းလုံးညီညွတ်မှာကို မလိုလားတဲ့ ပြည်ပအဖျက်သမား၊ သတင်းသမားတွေနဲ့ပေါင်းပြီး ကြောင်းကျိုးမဆီလျော်တဲ့ စကားတွေကိုလဲ ပြောကြားနေကြပါတယ်။

ရှမ်းပြည်နယ်ရှိ ၄၈မြို့နယ်မှ ၎င်းတို့အား ထောက်ခံတယ်ဆိုတဲ့ သွေးခွဲလုပ်ကြံတဲ့ မုသာဝါဒ စကားတွေသာမက နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်ထမ်းဆောင်နေတဲ့ မြန်မာ့တပ်မတော်ကို ဖယ်ရှားပြီး ရှမ်းပြည်နယ်သို့ ငြိမ်းချမ်းရေးတပ်ဖွဲ့တွေ လွှတ်ပေးပါဆိုတဲ့ နယ်ချဲ့ကို လက်ယပ်ခေါ်၊ အမေကျော် ဒွေးတော်လွမ်းတဲ့စကားတွေ ပြောကြားနေပါတယ်။ ဒါဟာ ၁၉၆၀ ကာလများက ရှမ်းပြည်နယ်ခွဲထွက်ပြီး အနောက်အင်အားကြီး စစ်အုပ်စုထဲဝင်ဖို့ လုပ်ဆောင်လာခဲ့တဲ့ လုပ်နည်းကို တစ်ကျော့ပြန်ပြီး ကျင့်သုံးလာတာ ဖြစ်ကြောင်း တွေ့ရှိနိုင်ပါတယ်။

စဝ်ခမ်ဖတို့ စော်ဘွားလက်ကျန် အငုတ်အရင်းတွေဟာ ဒီကနေ့ ပြည်ထောင်စုကြီးအတွက် ခလုတ်တံသင်းဖြစ်လာနေပါပြီ။ ဒါဟာ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေ လုံးဝလက်မခံနိုင်တဲ့ လုပ်ရပ်ပါ။ ပဒေသရာဇ်ဆိုး၊ ကိုယ်ကျိုးရှာ ပြည်ပြေးစော်ဘွားအဆက်တွေရဲ့ လုပ်ကြံမှုထောင်ချောက်အတွင်းသို့ မိုင်းရယ်လူထုကြီးက ဘယ်တော့မှ မဆင်းဘူးလို့ အတိအလင်းကြေညာလိုက်ပါတယ် ခင်ဗျား။

ပြည်ထောင်စုကြီးကို ဖွံ့ဖြိုးတိုးတက်လှပစေလိုတဲ့၊ သာယာရွှင်လန်းငြိမ်းချမ်းအေးမြစေလိုတဲ့ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးရဲ့ဆန္ဒကို အလေးအမြတ်ထားပြီး ဒီလူထုအစည်းအဝေးကြီးကနေ **“ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း”** အဆိုကို သောင်းသောင်းဖြဖြ တင်သွင်းလိုက်ရပါတယ်ခင်ဗျား။ ။

ရှမ်းပြည်နယ်ရှိ၄၈မြို့နယ်မှ ၎င်းတို့အား ထောက်ခံတယ်ဆိုတဲ့ သွေးခွဲလုပ်ကြံတဲ့ မုသာဝါဒစကားတွေသာမက နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန် ထမ်းဆောင်နေတဲ့ မြန်မာ့တပ်မတော်ကို ဖယ်ရှားပြီး ရှမ်းပြည်နယ်သို့ ငြိမ်းချမ်းရေးတပ်ဖွဲ့တွေ လွှတ်ပေးပါဆိုတဲ့ နယ်ချဲ့ကို လက်ယပ်ခေါ်၊ အမေကျော် ဒွေးတော်လွမ်းတဲ့စကားတွေ ပြောကြားနေပါတယ်။ ဒါဟာ ၁၉၆၀ ကာလများက ရှမ်းပြည်နယ်ခွဲထွက်ပြီး အနောက်အင်အားကြီး စစ်အုပ်စုထဲဝင်ဖို့ လုပ်ဆောင်လာခဲ့တဲ့ လုပ်နည်းကို တစ်ကျော့ပြန်ပြီး ကျင့်သုံးလာတာ ဖြစ်ကြောင်း တွေ့ရှိနိုင်ပါတယ်။

ဒီလိုဘာကြောင့်လုပ်သလဲ

❋ တည်ငြိမ်အေးချမ်း၊ ငြိမ်းချမ်းသာယာ
ရှိနေတာဖျက်၊ လူ့အသက်တွေ
ပျက်စီးစေအောင်၊ ကြံဆောင်လိုက်တာ
ဘာကြောင့်ပါလဲ၊ စိတ်ဖြာခွဲသော်–

– ပြည်သူအစိုးရ၊ လက်တွဲကြလျက်
တပ်ကဝိုင်းကူ၊ တိုင်းပြည်ထူရေး
မျှော်တွေးကြံဆ၊ Road Map ချပြီး
ခရီးရှေ့ဆက်၊ တိုးတက်အစဉ်
တွေ့မြင်နေတာ၊ ဒီရက်မှာ။

– မြန်မာတို့တွေ၊ သွေးကွဲနေခြင်း
အမြင်ရှင်းပြီး၊ ချင်းချင်းလက်တွဲ
တူယှဉ်နွဲလို့၊ လှိုက်လှဲပျော်ရွှင်
တွေ့မြင်နေတာ၊ ဒီရက်မှာ။

– အာရှ အာဖရိက၊ တူတကွလက်တွဲ
Summit ပွဲတွင်၊ ကြီးကဲမြန်မာ
နိုင်ငံတကာကို၊ မြန်မာအကြောင်း
ကောင်းကောင်းရှင်းပြ၊ ဘဝင်ကျပုံ
အလုံးစုံကို၊ အကုန်အစင်
ကြားမြင်နေတာ၊ ဒီရက်မှာ။

– တိုင်းတစ်ပါးကို၊ သွားမှီခိုလျက်
တိုင်းပြည်ဖျက်ရန်၊ အကြံရိုင်းပျ
စဝ်ခမ်ဖကို၊ ရှုတ်ချတွင်တွင်
တွေ့မြင်နေတာ၊ ဒီရက်မှာ။

❋ ဒါတွေကိုမြင်၊ မရွှင်စိတ်ဝမ်း
ကိုယ်မျှော်မှန်းတာ၊ မဖြစ်မှာစိုး
ဒီလူမျိုးတွေ
ဘယ်သူသေသေ၊ ငတေမာပြီးရော
ဒီသဘောဖြင့်၊ မိုက်သောအကြံ
လူမဆန်စွာ၊ လုပ်လိုက်တာကို
အလိုလိုပင် သိနိုင်၏။ ။

ပုံလွှား

ရှမ်းပြည်ပြေးတစ်စုရဲ့စင်ပြိုင်အစိုးရအတုအယောင်ကို တစ်ပြည်လုံးက ဆန့်ကျင်ရှုတ်ချကန့်ကွက်နေတဲ့ကြားက ရှမ်းပြည်နယ် ၄၈ မြို့နယ်က ထောက်ခံတယ်လို့လိမ်ညာဖြီးဖြန်း အင်တာနက်ထဲပါတဲ့နာမည်မျိုးနဲ့ပုဂ္ဂိုလ် အဲဒီဒေသမှာမရှိ

ရန်ကုန် မေ ၁၀

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၀ရက် နံနက် ၇နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့ မြို့မပြည်သူ့အားကစားကွင်း၌ကျင်းပရာ မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်မှ ဒေသခံရှမ်းတိုင်းရင်းသား ဦးစိုင်းတင်ညွှန့်က "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"အဆိုကို အောက်ပါအတိုင်း ထောက်ခံဆွေးနွေးသွားသည်။

လေးစားအပ်ပါသော သဘာပတိကြီးခင်ဗျား–

ကျွန်တော်ကတော့ မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်မှ ဦးစိုင်းတင်ညွှန့် ဖြစ်ပါတယ်။ အဆိုရှင် ဦးစိုင်းစံမြတ် တင်သွင်းသွားတဲ့ **"ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"** အဆိုကို ထောက်ခံတင်ပြသွားမှာ ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ပအားကိုးပုဆိန်ရိုး ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါ ရှမ်းပဒေသရာဇ်ဆိုး စော်ဘွားအနွယ်ဟောင်းတွေရဲ့ ပြည်ထောင်စုဖြိုခွဲရေးလုပ်ရပ်ကို ကြည့်ရင် အမှန်တရားတစ်ခုမျှမပါ။ **တိုင်းပြည်နဲ့လူမျိုးအကျိုး တစ်စက်မျှမပါဘဲ ကိုလိုနီနယ်ချဲ့တို့အကြိုက် သံယောင်လိုက်ပြီး စည်းလုံးညီညွတ်မှုအင်အား၊ မျိုးချစ်စိတ်ဓာတ်ခွန်အား၊ နယ်ချဲ့ဆန့်ကျင်ရေးစွမ်းပကား ကြီးမားလှတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ပြိုကွဲပျက်စီးအောင် ပြည်ပြေးစဝ်ခမ်ဖတို့လူစုက ကိုယ့်အိမ်ကိုယ် မီးပြန်ရှို့သလို လုပ်နေခြင်းသာ ဖြစ်ပါတယ်။**

ရှမ်းပြည်ပြေးတစ်စုရဲ့ စင်ပြိုင်အစိုးရအတုအယောင်ကို တစ်တိုင်းတစ်ပြည်လုံး အားလုံးက ဆန့်ကျင်ရှုတ်ချ ကန့်ကွက်နေတဲ့ကြားက ရှမ်းပြည်နယ် ၄၈ မြို့နယ်မှ ထောက်ခံတယ်လို့ လိမ်လိုလိမ်၊ ဒေသခံပြည်သူ ၈၅ရာခိုင်နှုန်းက ထောက်ခံတယ်လို့ ညာလိုညာ လိမ်ညာဖြီးဖြန်း မျက်ကန်းတစ္ဆေမကြောက် ကြံစည်နေကြတာကို တွေ့ရပါတယ်။ လဲချားမြို့နယ်နဲ့ မိုင်းနောင်မြို့နယ် လူထုအစည်းအဝေးကြီးများက စဝ်ခမ်ဖနဲ့ ရွက်ဆစ်ဦးစီး SSA တို့ရဲ့ ကလိမ်ကကျစ်နဲ့ မလိမ့်တပတ်လုပ်ရပ်၊ လက်နက်ပြခြိမ်းခြောက်တဲ့ အဓမ္မလုပ်ရပ်နဲ့ ဒေသခံပြည်သူတွေက သူတို့ကို မထောက်ခံဘဲ ထောက်ခံသယောင် လုပ်ကြံကြေညာတာကို မခံမရပ်နိုင်ဖြစ်လို့ ပြင်းပြင်းထန်ထန် ဆန့်ကျင်ရှုတ်ချ ကန့်ကွက်ကြကြောင်း သောင်းသောင်းဖြဖြ တုံ့ပြန်ကြေညာသွားတာကို အားလုံးကြားသိကြပြီးဖြစ်ပါတယ်။ **အင်တာနက်ကို အလွဲသုံးစားလုပ်ပြီး တန့်ယန်းမြို့နယ်မှ ပြည်သူတစ်ဦး၊ လားရှိုးခရိုင်မှ ဘယ်သူ၊ လွိုင်လင်မှ ဘယ်သူဘယ်ဝါတို့က စဝ်ခမ်ဖတို့ကို ထောက်ခံသယောင်ဝါဒဖြန့်ပြီး ခလောက်ဆန်သွားတာကိုလဲ တွေ့ရပါတယ်။ သူတို့အင်တာနက်ထဲပါတဲ့ နာမည်မျိုးနဲ့ပုဂ္ဂိုလ်တွေ အဲဒီဒေသတွေမှာ တစ်ယောက်တလေမျှ မရှိပါဘူး။**

အစမှအဆုံး လိမ်နေညာနေတဲ့ စဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုက သူတို့ရဲ့ နယ်ချဲ့လက်ပါးစေ လုပ်ရပ်ကို နိုင်ငံအချို့ဆီမှ ထောက်ခံမှုများရရှိထားသော်လဲ လောလောဆယ်၌ ထုတ်ဖော်ပြောဆို၍ မရသေးကြောင်း မိုးလားကဲလား ပြောသွားပါသေးတယ်။ အဲဒီပြောစကားဟာ တကယ်လား၊ အဟုတ်လား၊ ယုံရမှာလားလို့ ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေက မေးခွန်းထုတ်လိုက်ချင်ပါတယ်ခင်ဗျား။

သဘာပတိကြီးခင်ဗျား–

ဒီနေ့ကမ္ဘာကြီးမှာ ငြိမ်းချမ်းမှုကိုလိုလားတဲ့၊ တရားမျှတမှုကို ရှေးရှုတဲ့၊ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကို အားပေးတဲ့ နိုင်ငံအများအပြား ရှိနေကြပါတယ်။ ကျွန်တော်တို့လို တိုင်းရင်းသားပြည်သူ တစ်ဦးတစ်ယောက်ကမျှ မလိုလားတဲ့၊ မထောက်ခံတဲ့ တစ်ဖောက်ကန်း၊ တစ်လမ်းသွား၊ အချောင်သမား လက်တစ်ဆုပ်စာ ပြည်ပြေးစဝ်ခမ်ဖနဲ့ လူတစ်စုကို ယုံမှတ်လို့ ပံ့အပ်ခဲ့ရင်တော့ အဲ့ဒီနိုင်ငံမျိုးဟာ **"နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ"** ဆိုတဲ့ ပြည်သူ့သဘောထားတစ်ခုနဲ့ တုံ့ပြန်ဆန့်ကျင်မှုကို ခံရမှာသာဖြစ်ကြောင်း ကြိုတင်ပြောကြားလိုက်ပါတယ်ခင်ဗျား။

ဒါကြောင့်မို့ တစ်တိုင်းပြည်လုံးရဲ့ဆန္ဒ၊ မိုင်းရယ်လူထုကြီးရဲ့ ဆန္ဒအရ အဆိုရှင် ဦးစိုင်းစံမြတ် တင်သွင်းသွားတဲ့ **"ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"** အဆိုကို ဝံ့ဝံ့စားစား ပြတ်ပြတ်သားသား ထောက်ခံလိုက်ပါတယ်ခင်ဗျား။ ။

ထောက်ခံ

"ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ ဒေသခံ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်မှ ဒေသခံရှမ်း တိုင်း ရင်း သား ဦး စိုင်း တင် ညွှန့် က ထောက်ခံဆွေးနွေးစဉ်။

(သတင်းစဉ်)

လက်တစ်ဆုပ်စာ ပြည်ပြေးစဝ်ခမ်ဖနဲ့ လူတစ်စုကို ယုံမှတ်လို့ ပံ့အပ်ခဲ့ရင်တော့ အဲ့ဒီနိုင်ငံမျိုးဟာ "နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ" ဆိုတဲ့ ပြည်သူ့သဘောထား တစ်ခုနဲ့ တုံ့ပြန်ဆန့်ကျင်မှုကို ခံရမှာသာဖြစ်။

ပြည်ပြေးစဝ်ခမ်ဖတို့က ရှမ်းသမ္မတနိုင်ငံထူထောင်တယ်ဆိုပြီး သူတို့နဲ့ တစ်ဂိုဏ်းတည်းဖြစ်တဲ့ KNU၊ SSA၊ KNPP ၊ NCGU သူခိုးကျင့်သူခိုးကြံနဲ့ ပုံးဖောက်ခွဲ၊ ပစ်ခတ်တိုက်ခိုက်တဲ့အလုပ် ပြည်ထောင်စုကြီးကိုဖြိုခွဲ၊ မစားရတဲ့အမဲ သဲပက်သလို အမြဲ

ရန်ကုန် မေ ၁၀

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၀ရက် နံနက် ၇နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့ မြို့မပြည်သူ့အားကစားကွင်း၌ကျင်းပရာ မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်မှ ဒေသခံရှမ်းတိုင်းရင်းသား ဦးစိုင်းအောင်ညွှန့်က "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"အဆိုကို အောက်ပါအတိုင်း ဖြည့်စွက်ထောက်ခံဆွေးနွေးသွားသည်။

လေးစားအပ်ပါသော သဘာပတိကြီးခင်ဗျား–

အဖျက်သမား ပြည်ပြေးစဝ်ခမ်ဖတို့ရဲ့ ပြည်ထောင်စုဖြိုခွဲရေးလုပ်ရပ်များကို မကျေနပ်ကြလို့ ဒီနေ့လူထုအစည်းအဝေးကြီးသို့ တစ်ခဲနက်တက်ရောက်လာတဲ့ ပြည်သူလူထုကြီးရဲ့ သဘောထားများကို ထင်ဟပ်ပြီး အဆိုရှင် ဦးစိုင်းစံမြတ် တင်သွင်းသွားတဲ့ **"ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"** အဆိုကို ဖြည့်စွက်ထောက်ခံသွားမှာဖြစ်ပါတယ်။

ကျွန်တော်ကတော့ မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်မှ ဦးစိုင်းအောင်ညွှန့် ဖြစ်ပါတယ်။

သဘာပတိကြီးခင်ဗျား–

ပြည်ပြေး အကြမ်းဖက်အဖျက်သမားများဟာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို နယ်ချဲ့အလိုကျ ဖြိုချဖျက်ဆီးဖို့၊ ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူတွေကို မိုင်းထောင်၊ ဗုံးခွဲ၊ ချောင်းမြောင်းပစ်ခတ်၊ ရွာမီးရှို့၊ ဆက်ကြေးတောင်း၊ ဖွံ့ဖြိုးရေးစီမံကိန်းတွေကို ဖျက်ဆီးနှောင့်ယှက်၊ အမျိုးသမီးများကို စော်ကားတဲ့ အဖျက်လုပ်ရပ်၊ အကြမ်းဖက်လုပ်ရပ်တွေလုပ်ဖို့ အမြဲတစေကြံစည်လုပ်ဆောင်နေတာကို ရင်နှင့်မမျှအောင် ခံနေကြရတာမို့ ကျွန်တော်တို့အားလုံးဟာ ရင်ထုမနာ ဖြစ်နေကြရပါတယ်။

ပြည်ပြေးစဝ်ခမ်ဖတို့ စော်ဘွားအနွယ်တွေက ရှမ်းသမ္မတနိုင်ငံ ထူထောင်တယ်ဆိုပြီး မလုပ်သင့် မလုပ်အပ်တာ လုပ်နေချိန်မှာ သူတို့နဲ့ တစ်ဂိုဏ်းတည်းဖြစ်တဲ့ အကြမ်းဖက်အဖျက်သမား KNU ၊ ဘိန်းဓားပြ ရွက်ဆစ်ဦးစီးတဲ့ SURA တဖြစ်လဲ SSA၊ သစ်မှောင်ခိုသောင်းကျန်းသူ KNPP၊ ပြည်ပြေးစိန်ဝင်းရဲ့ NCGUB နောက်လိုက် အကြမ်းဖက်သမားတွေက ပြည်သူတွေကို ရဲရဲရင်မဆိုင်ရဲဘဲ သူခိုးကျင့် သူခိုးကြံနဲ့ အလစ်အငိုက်မှာ

“ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ ဒေသခံ တိုင်းရင်းသား ပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း” အဆိုကို မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်မှ ဒေသခံ ရှမ်း တိုင်း ရင်း သူ ဒေါ်နန်းအိအိမွန် က ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ဒီနေ့ကျင်းပတဲ့ မိုင်းရယ် လူထုအစည်းအဝေးကြီးကို ကြည့်ရင်ပဲ ရှမ်းပြည်နယ်မှ ဒေသခံတိုင်းရင်းသား ပြည်သူတွေဟာ ပြည်ထောင်စုဖြိုခွဲရေးသမား ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုကို ဘယ်လောက် စက်ဆုပ်ရွံရှာကြောင်း၊ ဆန့်ကျင်ရှုတ်ချကြောင်း အထင်အရှား တွေ့ရမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုတစ်ဝန်းလုံး ဘက်ပေါင်းစုံခေတ်မီတိုးတက်လာတာကြည့်ရင် မြန်မာတို့ရဲ့ အမျိုးသားနိုင်ငံရေး မှုတမှန်ကန်ကြောင်းသိရှိနိုင် ပြည်ပသြဇာခံပြည်ပြေးစဝ်ခမ်ဖ၏ တိုင်းဆူပြည်ဖျက်လုပ်ရပ်နှင့် နှိုင်းယှဉ်လျှင် ကောင်းကင်ဘုံနှင့် အဝီစိငရဲလို ကွာခြားလွန်းလှပါတယ်

ရန်ကုန် မေ ၁၀

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို မေ ၁၀ရက် နံနက် ၇နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့ မြို့မပြည်သူ့အားကစားကွင်း၌ကျင်းပရာ မိုင်းရယ်မြို့ အမှတ်(၂)ရပ်ကွက်မှ ဒေသခံရှမ်းတိုင်းရင်းသူ ဒေါ်နန်းအိအိမွန်က “ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း”အဆိုကို အောက်ပါအတိုင်း ဖြည့်စွက်ထောက်ခံဆွေးနွေးသွားသည်။

...ခင်တယ်ဆိုပြီးလုပ်နေချိန် ...NPP၊ NCGUB ° တွေက ...ခိုက်တဲ့အလုပ်တွေလုပ်ပြ ...က်သလို အမြဲလုပ်ကြနေ

ဖုံးဖောက်ခွဲ၊ ပစ်ခတ်တိုက်ခိုက် သတ်ဖြတ်တဲ့အလုပ်တွေ လုပ်ပြနေတာကို ခုတလောမှာ နားနဲ့မဆံ့အောင် ကြားနေရသလို၊ မမြင်ရက် မရှုရက် တွေ့နေရပြန်ပါတယ်။

သဘာပတိကြီးခင်ဗျား-

မေလ ၇ ရက်နေ့ တစ်နေ့ထဲမှာပဲ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကုန်သွယ်မှုဗဟိုဌာနမှာ ခင်းကျင်းပြသနေတဲ့ ထိုင်းနိုင်ငံကုန်စည်ပြပွဲ၊ မရမ်းကုန်းမြို့နယ်မှ ရှစ်မိုင်ဂျမ်းရှင်းအိတ်ကုန်တိုက်၊ စမ်းချောင်းမြို့နယ်မှ ဒဂုန်စင်တာ ကုန်တိုက်ဆိုတဲ့ နေရာသုံးနေရာ လူစည်ကားရာတွေမှာ ကေအင်န်ယူ၊ ရှုက်ဆစ်ရဲ့ အက်စ်အက်စ်အေ၊ ကေအင်န်ပီပီနဲ့ ပြည်ပြေးစိန်ဝင်းရဲ့ NCGUB အုပ်စုတို့ပူးပေါင်းပြီး ဖုံးထောင်ဖောက်ခွဲခဲ့လို့ အပြစ်မဲ့ပြည်သူ ၁၁ ယောက်သေဆုံးပြီး ၁၆၀ကျော် ဒဏ်ရာရခဲ့ရပါတယ်။

ပြီးခဲ့တဲ့ ဧပြီလကပဲ မန္တလေးဈေးချိုမှာ ဖုံးခွဲခဲ့လို့ ပြည်သူတွေ သေကျေခဲ့ရတာ၊ ထားဝယ်-ရေးကားလမ်းမှာ ထားဝယ်တက္ကသိုလ်မှ လေ့လာရေးအဖွဲ့ရဲ့ ယာဉ်တန်းကိုပစ်ခတ်လို့ တက္ကသိုလ် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနဲ့ ခရီးသွားပြည်သူများ အသက်ဆုံးရှုံး၊ လူလုံးမလှ ဖြစ်ခဲ့ရတာတွေဟာ အဲဒီ ပြည်တွင်းပြည်ပ အကြမ်းဖက်အဖျက်သမားအဖွဲ့တွေရဲ့ လက်ချက်ပါပဲ။

လေးစားအပ်ပါသော သဘာပတိကြီးရှင့်-

ကျွန်မကတော့ မိုင်းရယ်မြို့ အမှတ်(၂)ရပ်ကွက်မှ ဒေါ်နန်းအိအိမွန် ဖြစ်ပါတယ်။ အဆိုရှင် ဦးစိုင်းစံမြတ် တင်သွင်းသွားတဲ့ “ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း” အဆိုကို ဖြည့်စွက်ထောက်ခံသွားမှာ ဖြစ်ပါတယ်။

“ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ ဒေသခံ တိုင်းရင်းသား ပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း” အဆိုကို မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်မှ ဒေသခံ ရှမ်း တိုင်း ရင်း သား ဦးစိုင်းအောင်ညွန့်က ထောက်ခံဆွေးနွေးစဉ်။ (သတင်းစဉ်)

ခုလို မြို့ကြီးပြကြီးတွေကို ပြည်သူလူထုအသွင်ဆောင် ရောနှောဝင်ရောက်ပြီး အလစ်အငိုက် ဖုံးခွဲသတ်ဖြတ်နေတာ၊ တောထဲတောင်ထဲမှာ လက်ရဲဇက်ရဲ လူသတ်ပွဲဆင်နွှဲနေတာတွေဟာ ဘယ်သူ့အတွက်လဲ၊ ဘာကြောင့်လဲလို့ မေးခွန်းထုတ်စရာ မလိုအောင်ဖြစ်နေပါပြီ။

လောကဓမ္မတာအရ အကြမ်းဖက်အဖျက်သမားတွေဟာ ပြည်သူလူထုရဲ့ အသက်ကိုဖျက်ဆီး၊ ပြည်ထောင်စုကြီးကိုဖြိုခွဲ၊ မစားရတဲ့အမဲ သဲပက်သလို အမြဲတစေ လုပ်ကြံနေကြဦးမှာ ဖြစ်ပါတယ်။

ဒါ့ကြောင့်မို့ တိုင်းပြည်ဖြိုခွဲရေးအဖျက်သမား၊ အကြမ်းဖက်လူသတ်သမားများရဲ့ ခြေလှမ်းအတိုင်း ထက်ကြပ်မကွာ လှမ်းလာနေတဲ့ **“ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုရဲ့ ရှမ်းပြည်နယ်ခွဲထွက်ရေး ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း”**အဆိုကို ရန်သူနဲ့ ပြည်သူ စည်းခြားပြီး ပြတ်ပြတ်သားသား ထောက်ခံလိုက်ရပါတယ် ခင်ဗျား။ ။

မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း” အဆိုကို ဖြည့်စွက်ထောက်ခံသွားမှာ ဖြစ်ပါတယ်။

ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါ ပြည်ပြေးတစ်စုက နယ်ချဲ့တွေထောက်ပံ့တဲ့ ငွေကြေး၊ ပစ္စည်းပစ္စယတွေသုံးပြီး မုသာဝါဒကြေညာချက်တွေ ထုတ်ပြန်လိုက်၊ နယ်ချဲ့မီဒီယာတွေက ညာသံပေးပြီး ကြေညာပေးလိုက်နဲ့ ကြိုတင်ဇာတ်တိုက်ထားတဲ့အတိုင်း လုပ်ပြနေကြပါတယ်။ အင်တာနက်ကနေ လက်ရေးတု၊ နာမည်တုတွေနဲ့ ထောက်ခံစာအတုတွေထုတ်ပြပြီး နိုင်ငံအချို့က ယုံကြည်အောင်၊ သူတို့ကို ထောက်ပံ့ပေးကမ်းအောင် မျက်နှာချိုသွေး ဟန်ရေးပြနေတာဟာ ရှာရိုးကိုးပေါက်လျှောက်လိမ်နေတဲ့ အပေါစား မျက်လှည့်သမားမျိုးတွေလောက်တောင် အဆင့်အတန်းမရှိကြောင်း ဖော်ပြနေတာပဲ ဖြစ်ပါတယ်။

အင်တာနက်က သူတို့ထုတ်ပြနေတဲ့ သူတို့ရဲ့ပြည်ပြေး စင်ပြိုင်ရှမ်းအစိုးရ အတုအယောင်အပေါ် ထောက်ခံတယ်ဆိုတဲ့ ရှမ်းဘာသာနဲ့ ရေးထားတာတွေကြည့်ရင် လက်ရေးလက်သား အားလုံးတူနေတာကို တွေ့မှာဖြစ်ပါတယ်။ ရှမ်းပြည်ပြေး တစ်ယောက်က ပြည်တွင်းရှိလူတချို့မှ ထောက်ခံပေးပို့လေဟန် နာမည်၊ ဒေသ အမျိုးမျိုးတပ်ပြီး ဝါဒဖြန့်နေတာ ထင်ရှားပါတယ်။ **သေချာတာကတော့ အဲဒီ ပြည်ပြေးသစ္စာဖောက် လောက်ကောင် စဝ်ခမ်ဖတို့အုပ်စုကို ပြည်ထောင်စုဖွား ပြည်ထောင်စုသား တစ်ယောက်တလေကမျှ မထောက်ခံဘူး၊ မကျေနပ်ဘူး ဆိုတာပါပဲ။ မထောက်ခံရုံမက ဆန့်ကျင်ရှုတ်ချ ကန့်ကွက်နေကြတာကိုလဲ မျက်မြင်ထင်ရှား၊ လူသိထင်ရှား တွေ့ကြရမှာ ဖြစ်ပါတယ်။ ဒီနေ့ကျင်းပတဲ့ မိုင်းရယ် လူထုအစည်းအဝေးကြီးကို ကြည့်ရင်ပဲ ရှမ်းပြည်နယ်မှ ဒေသခံတိုင်းရင်းသား ပြည်သူတွေဟာ ပြည်ထောင်စုဖြိုခွဲရေးသမား ပြည်ပြေးစဝ်ခမ်ဖနဲ့ အပေါင်းပါတစ်စုကို ဘယ်လောက် စက်ဆုပ်ရွံရှာကြောင်း၊ ဆန့်ကျင်ရှုတ်ချကြောင်း အထင်အရှား တွေ့ရမှာ ဖြစ်ပါတယ်။**

သဘာပတိကြီးရှင့်-

ကျွန်မတို့ တိုင်းရင်းသားပြည်သူလူထုကြီးဟာ နယ်ချဲ့ပယောဂကြောင့် လွဲမှားစွာထားရှိမိခဲ့တဲ့ သံသယစိတ်တွေကို ဖယ်ရှားပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့တဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးရဲ့ လုပ်ရပ်ကို လေးစား ဂုဏ်ပြုအပ်ပါတယ်။ ငြိမ်းချမ်းရေးနဲ့လက်နက် အပြီးအပိုင်လဲလှယ်ခဲ့ကြတဲ့ SSNA ဦးကန်နဦးစီးတဲ့ တပ်မဟာ(၁၁)နဲ့ ဦးအိုက်မုန်းဦးစီးတဲ့ ပလောင်လွတ်မြောက်ရေးတပ်ဖွဲ့ တို့လို ငြိမ်းချမ်းရေးအဖွဲ့တွေရဲ့ လူသာခုခေါ်၊ နတ်သာခုခေါ်ထိုက်တဲ့ လုပ်ရပ်ကို လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုကြိုဆိုပါတယ်။ အဲဒီအဖွဲ့အစည်းအားလုံးက ယုံကြည်လက်ခံထားတဲ့ တပ်မတော်အစိုးရရဲ့ မွန်မြတ်သောစေတနာနဲ့ မှန်ကန်သောလုပ်ရပ်တွေဟာ ကျွန်မတို့ ပြည်သူလူထုကြီးရဲ့ ဆန္ဒသဘောကို ထင်ဟပ်တဲ့ ကောင်းမြတ်သော လုပ်ရပ်ဖြစ်ကြောင်း သောင်းသောင်းဖြဖြ ဖော်ပြအပ်ပါတယ်ရှင့်။

ကျွန်မတို့ မိုင်းရယ်ဒေသအပါအဝင် ရှမ်းပြည်နယ်တစ်ရပ်လုံးနဲ့ ပြည်ထောင်စုတစ်ဝန်းလုံးမှာ ဘက်ပေါင်းစုံ အေးချမ်းသာယာ ခေတ်မီဖွံ့ဖြိုးတိုးတက် လာတာကိုကြည့်ရင် မြန်မာတို့ရဲ့ အမျိုးသားနိုင်ငံရေးဟာ မှုတမှန်ကန် ကောင်းမြတ်လှကြောင်း သိရှိနိုင်ပါတယ်။ ပြည်ပသြဇာခံ ပြည်ပြေးစဝ်ခမ်ဖ၊ SSA အဖွဲ့နဲ့ အပေါင်းပါတစ်စုရဲ့ တိုင်းဆူပြည်ဖျက် လုပ်ရပ်နှင့်နှိုင်းယှဉ်ရင် ကောင်းကင်ဘုံနဲ့ အဝီစိငရဲလို ကွာခြားလွန်းလှပါတယ်ရှင့်။

ဒါကြောင့် အကောင်းနဲ့အဆိုး၊ အကြောင်းနဲ့အကျိုး ဆက်စပ်တင်ပြသွားတဲ့ အဆိုရှင် ဦးစိုင်းစံမြတ်ရဲ့ **“ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ တိုင်းရင်းသား ပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း”**အဆိုကို ယုံယုံကြည်ကြည် လေးလေးစားစား ထောက်ခံလိုက်ရပါတယ်ရှင့်။ ။

အငြိမ်းစားတို့ စကားဝိုင်း (၉)

၁၂-၄-၂၀၀၅ရက်နေ့တွင် ၁၉၈၅ခုနှစ်ကတည်းက ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့သည့် ရှမ်းပြည်အမျိုးသားတပ်မတော် (SSNA)ဦးကန်န ဦးစီး တပ်မဟာ(၁၁)က ငြိမ်းချမ်းရေးနှင့်လက်နက် အပြီးအပိုင်လဲလှယ်သည့် အခမ်း အနားကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် စယ်အူ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုအခမ်းအနားတွင် SSNA တပ်မဟာ (၁၁)မှ တပ်မဟာမှူး ဦးကန်န၊ ဒုတိယတပ်မဟာမှူး ဦးအိန္ဒာ၊ တပ်မဟာ (၁၁)လက်အောက်ခံ အမှတ် (၁၉) တပ်ရင်းမှူးဦးစိုင်းဖုန်း၊ အမှတ် (၂၅)တပ်ရင်းမှူး ဦးခမ်းမွန်၊ အမှတ် (၂၇)တပ်ရင်းမှူး ဦးပွမ်ဝမ်းတို့ အပါအဝင် စုစုပေါင်း ၁၇၆ဦး တက်ရောက်၍ လက်နက်များကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးအောင်ထွေး ထံသို့ အပ်နှံကြသည်ကို ဝမ်းသာအားရဖွယ် တွေ့မြင်ခဲ့ကြရပါသည်။

၂၂-၄-၂၀၀၅ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက ပြည်ထောင်စုမြန်မာနိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် အန္တရာယ်အလွန်ကြီးမားသည့်လုပ်ရပ် ကို ပြုလုပ်လာသော ပြည်ပြေးစဝ်ခမ်ဖ ဦးစီးသည့်အဖွဲ့နှင့် အခြားဆက်နွယ်နေ သည့်အဖွဲ့များကို နိုင်ငံတော်က မတရားအသင်းအဖြစ် ကြေညာခဲ့သည့် အကြောင်းရင်းနှင့် စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲ (၃/၂၀၀၅)ကို ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ ရှင်းလင်းပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အသေးစိတ်ရှင်းလင်းပြောကြားသွားခဲ့ပြီး သတင်းစာ ဆရာများ၏ မေးမြန်းချက်များကို ဖြေကြားသွားခဲ့ကြောင်း တွေ့ရပါသည်။

အထက်ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကျွန်တော်တို့ အငြိမ်းစားတစ်သိုက် ဆုံမိကြချိန်တွင် စကားဝိုင်းဖွဲ့ဆိုမိကြပါသည်…

"သတင်းစာရှင်းလင်းပွဲ ၃/၂၀၀၅ အရ ညောင်ရွှေစော်ဘွား စဝ်ရွှေသိုက်ရဲ့ သား စဝ်ခမ်ဖဦးစီးတဲ့အဖွဲ့က ပြည်ပတစ်နေရာကနေပြီး ၁၇-၄-၂၀၀၅ ရက်နေ့မှာ ရှမ်းပြည် ယာယီ အစိုးရဆိုတဲ့ အဖွဲ့ကို ဖွဲ့စည်းလိုက်ကြောင်းနဲ့ ရှမ်းပြည်နယ်ကို လွတ်လပ်တဲ့နိုင်ငံအဖြစ် တည်ထောင်ကြောင်းကို သတင်း ထုတ်လွှင့်သွားလို့ နိုင်ငံတော်အစိုးရ ပြည်ထဲရေး ဝန်ကြီးဌာနက ၁၉-၄- ၂၀၀၅ ရက်နေ့မှာ ပြည်ပြေး စဝ်ခမ်ဖဦးစီးတဲ့အဖွဲ့၊ ယင်းအဖွဲ့ဝင်များ၊ ယင်းအဖွဲ့နဲ့ ဆက်နွယ်တဲ့ အခြားအဖွဲ့အစည်းများကို ဥပဒေအရ မတရား အသင်းဖြစ်ကြောင်း ကြေညာခဲ့တာ တွေ့ရတယ်"

"စဝ်ခမ်ဖ(ခေါ်)စဝ်ဆေက သမ္မတ၊ ခွန်ဆိုင်စစ်ဆိုသူက ဝန်ကြီးချုပ်၊ စဝ်ခွန်ဟုန်(ခေါ်)စိုင်းစိုးညွန့်ဆိုသူက နိုင်ငံခြားရေးဝန်ကြီး၊ ခွန်ဆိုင်(ခေါ်)ခွန်ထီး ဆိုသူက ပြည်ထဲရေးဝန်ကြီး၊ ကျောက်ခင်းဆိုင်(ခေါ်) စဝ်ခေးဆေဆိုသူက ကာကွယ်ရေးဝန်ကြီးလို့ သိရတယ်"

"စဝ်ခမ်ဖတို့ရဲ့ ကြေညာချက်ကို ကြည့်ရင် SURA, SNLD နဲ့ ရှမ်း ပြည်ပညာရှင်များ အတိုင်ပင်ခံကောင်စီတို့ရဲ့ မည်ကာမတ္တပြည်ထောင်စုကို ထူထောင်ပြီး တစ်ချိန်ချိန်မှာ ခွဲထွက်၍ သီးခြားနိုင်ငံ ထူထောင်ရန်ဆိုတဲ့ ရည်ရွယ်ဆောင်ရွက်ချက်နဲ့ တစ်ဆက်တစ်စပ်တည်း ဖြစ်နေတယ်၊ အစိတ် အပိုင်းတစ်ခုလဲ ဖြစ်နေတယ်ဆိုတာ ထင်ထင်ရှားရှားပဲ မြင်နိုင်ပါတယ်"

"ဒီလှုပ်ရှားမှုတွေဟာ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု ပျက်ပြားအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားအောင်၊ ပြည်ထောင်စုကြီး ပြိုကွဲသွားအောင် ဦးတည်နေတာမို့ နိုင်ငံတော်အတွက် အလွန်အန္တရာယ် ကြီးတာပဲ"

"စော်ဘွားမျိုးဆက်တွေရဲ့ တစ်ကျော့ပြန် အာဏာရဖို့ လှုပ်ရှားမှုလို့လဲ ဆိုနိုင်တယ်၊ ပြည်တွင်းပြည်ပ ဆက်သွယ်ပေါင်းစပ်ပြီး လုပ်နေတယ်ဆိုတာလဲ ထင်ရှားပါတယ်'

"ပြည်ပ အသံလွှင့်ဌာနတွေရဲ့ ထုတ်လွှင့်ချက်အရတော့ စဝ်ခမ်ဖတို့က ရှမ်းပြည်နယ်အတွင်းက အစိုးရတပ်တွေ ထွက်ခွာပေးရမယ်၊ မထွက်ခွာရင် တိုက်ထုတ်မယ်ဆိုပဲ၊ ဘယ်တပ်နဲ့ တိုက်မလဲ SSA နဲ့ပဲလားလို့ နိမိတ်ပြ မေးလိုက်တော့ SSA တပ်နဲ့ပဲပေါ့လို့ ဖြေတာကို ကြားလိုက်ရတယ်။ ရှမ်းပြည်ကိုလဲ စစ်မက်ဇုန်အဖြစ် သတ်မှတ်ထားတယ်ဆိုလားပဲ"

"ရှမ်းပြည်နယ်အတွင်းက တိုင်းရင်းသားပြည်သူတွေကို စစ်မီးဒုက္ခထဲ မရောက်ရောက်အောင် ပြန်လည်ဆွဲသွင်းတဲ့လုပ်ရပ်မို့ အလွန်စက်ဆုပ်ရွံရှာဖွယ် ရာကောင်းတဲ့လုပ်ရပ်ပဲဟေ့"

"ငါ့အမြင်ကတော့ ဥပဒေဘောင်အတွင်းရောက်နေတဲ့ SSA, SSNA တို့နဲ့ နိုင်ငံတော်အစိုးရအကြား အထင်အမြင်တွေ လွဲမှားသွားအောင်၊ ပြဿနာတွေ တိုးပွားလာအောင်၊ ဆူပူအုံကြွလာအောင် တမင်ရည်ရွယ် လုပ်တယ်ထင်တယ်"

"ဟုတ်မယ်ဟ၊ SSNA တပ်မဟာ(၁၁)က ဦးကန်နတို့အဖွဲ့ ၁၂-၄- ၂၀၀၅ ရက်နေ့မှာ ငြိမ်းချမ်းရေးနဲ့ လက်နက် အပြီးအပိုင်လဲလှယ်တဲ့အခမ်း

ဟိန်းမြင့်

အနား ကျင်းပပြုလုပ်သွားခဲ့တယ်လေ၊ ဒါကြောင့် ကျန်အဖွဲ့တွေနဲ့ နိုင်ငံတော် အစိုးရတို့ အဆင်မပြေအောင် မီးထိုးပေးလိုက်တဲ့ သဘောပဲ"

"ဒါကြောင့် ဒို့ပြည်သူတွေအားလုံးနဲ့ ဥပဒေဘောင်အတွင်း ရောက်ရှိနေတဲ့ ငြိမ်းချမ်းရေးအဖွဲ့တွေအားလုံး ဒီလိုသွေးခွဲတဲ့ လုပ်ရပ်တွေကို သတိရှိကြဖို့ လိုမယ်၊ တစ်ချက်အတွေးမှား၊ အလုပ်မှားတာနဲ့ ပြည်သူတွေ တစ်သက်လုံး စစ်မီးဒုက္ခတွေအကြား ရောက်သွားနိုင်တယ်ဆိုတာကိုဆင်ခြင်နိုင်ကြဖို့လိုမယ်"

"ဒို့နိုင်ငံက ပြည်သူတွေ တစ်ချိန်က ပြည်တွင်းသောင်းကျန်းမှု စစ်မီး အောက်မှာ ဘေးဒုက္ခမျိုးစုံနဲ့ ကြုံတွေ့ခံစားခဲ့ရဖူးပြီပဲ။ တောတွင်းလက်နက် ကိုင်အဖွဲ့တွေ ဥပဒေဘောင်အတွင်း ရောက်ရှိလာလို့ ငြိမ်းချမ်းရေးရဲ့ အသီးအပွင့်အရသာကို အဲဒီ လက်နက်ကိုင်အဖွဲ့တွေရော ပြည်သူတွေပါ ခံစားနေကြရတယ်မဟုတ်လား။ ဒါကို သင်ခန်းစာယူနိုင်ကြရမှာပေါ့"

"အီရတ်မှာ နေ့စဉ်နဲ့အမျှ အချင်းချင်း သတ်ဖြတ်နေကြတာကြောင့် နိုင်ငံရော၊ ပြည်သူတွေပါ ချွတ်ခြုံကျလုနီးပါး ဒုက္ခမီးနဲ့ ကြုံတွေ့နေကြရတာ ဒို့အားလုံးအမြင်ပဲမို့ သင်ခန်းစာယူကြရမယ်လေ"

"ဒီနေရာမှာ သံသယတွေပျောက်ပြီး အမှန်ဘဝကို ပြန်ရောက်လာကြတဲ့ SSNA က ဦးကန်နတို့ရဲ့ ရဲဝံ့မှန်ကန်စွာ ဆုံးဖြတ်လုပ်ဆောင်ခဲ့မှုကြောင့် အဲ့ဒီနယ်မြေက ပြည်သူတွေ ဘယ်လောက်ဝမ်းသာနေကြသလဲဆိုတာ အားလုံး အမြင်ပဲ မဟုတ်လား"

"စဝ်ခမ်ဖတို့အဖွဲ့ အားကိုးအသုံးချမယ်ဆိုတဲ့ SSA က ဘိန်းဘုရင်ဟောင်း ကျန်းသူ ရွက်ဆစ်ခေါင်းဆောင်တဲ့ SURA ကနေ ပြောင်းလဲခေါ်ဝေါ်နေတဲ့ SSA ဖြစ်နိုင်ပါတယ်။ ဘာလို့လဲဆိုတော့ စဝ်ခမ်ဖတို့ရဲ့ လှုပ်ရှားမှုက ဘိန်းဖြူ မှောင်ခိုရောင်းဝယ်မှုနဲ့ ထိုင်းအာဏာပိုင်တွေက ဖမ်းထားတဲ့ SURA အဖွဲ့ဝင် စိုင်းထွန်းရဲ့ သတင်းတွေကို မေးမှိန်ပပျောက်သွားအောင် လုပ်လိုက်တဲ့ သဘောလဲဆောင်တယ်လို့ တွက်ဆရပါတယ်"

"နောက်ပြီး နိုင်ငံတော်အစိုးရအပေါ် ILO ကိစ္စ၊ အမျိုးသားညီလာခံ ကျင်းပနေတဲ့ ကိစ္စတွေနဲ့ ပတ်သက်ပြီး တမင်လုပ်ကြံဖိအားပေးနေမှုတွေကို ထပ်ဆောင်းပေးလိုက်တဲ့ သဘောလဲ ရှိတယ်လို့ ဆိုရမှာပါ"

"ဒါကြောင့် စဝ်ခမ်ဖတို့ရဲ့ နောက်ကွယ်မှာ ကြိုးကိုင်ထားတဲ့ အခါတော်ပေး ဆရာကြီးရှိတယ်လို့ ဆိုရမှာပေါ့"

"ဟုတ်ပ၊ သုံးသပ်တွေးခေါ်ကြည့်ရင် မြင်နိုင်ပါတယ်။ ပြည်ပြေးတွေကို ရေရှည်လက်သပ်မွေးထားပြီး အခွင့်ကြုံလို့ အသုံးလိုတဲ့ အချိန်မှာ အံဝင်ခွင်ကျ ဖြစ်မယ့်သူကို ပွဲထုတ်ပြီး ချသုံးလိုက်တဲ့သဘောပါ၊ ဆရာကြီးရဲ့ လုပ်နေကျ နည်းဗျူဟာတစ်ခုပဲလေ"

"၁၉၆၀ပြည့်နှစ်တစ်ဝိုက်ကလဲ ရှမ်းစော်ဘွားတွေရဲ့ ရှမ်းပြည်နယ် ခွဲထွက်ရေးဖက်ဒရယ်မူရအောင် ကြိုးပမ်းခဲ့မှုတွေကို ထိုစဉ်ကရှိခဲ့တဲ့ ပါတီတွေ၊ အဖွဲ့အစည်းတွေနဲ့ ပြည်သူတွေကပါ လုံးဝလက်မခံ ဆန့်ကျင်ကန့်ကွက် ခဲ့ကြတာပဲ"

"အခုလဲ စဝ်ခမ်ဖရဲ့ တိုင်းပြည်ဖြိုခွဲရေး လုပ်ရပ်တွေအပေါ် ယနေ့ တိုင်းရင်းသား ပြည်သူတွေ၊ NGO အဖွဲ့တွေ၊ ဥပဒေဘောင်အတွင်း ရောက်ရှိနေတဲ့ တိုင်းရင်းသားငြိမ်းချမ်းရေး အဖွဲ့အစည်းတွေနဲ့ နိုင်ငံရေး ပါတီတွေအားလုံးက တညီတညွတ်တည်း ဆန့်ကျင်ကန့်ကွက်ရှုတ်ချနေ ကြတာ တွေ့မြင်နေကြရပါတယ်"

"သခင်အားရ ကျွန်ဝမ်းဝ"ဆိုတဲ့စကားအတိုင်းပဲ သူတို့ဆရာကြီးအကြိုက် ကိုပဲ လိုက်ပြော၊ လိုက်လုပ်နေမှ သူတို့အတွက် ဟန်ကျတာကိုးဟ၊ တကယ့် အဖျက်သမား ပီသကြပါပေတယ်"

"အဖျက်သမားတွေဟာ သူတို့ကိုယ်သူတို့ မြန်မာလူမျိုးလို့ကော မှတ်ယူကြသေးသလား မသိဘူး။ စဝ်ခမ်ဖရဲ့ လုပ်ရပ်ဟာ မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတွေ အားလုံးအတွက် ဘယ်လိုဆိုးကျိုးတွေ သက်ရောက်နိုင်တယ်၊ ဘယ်လောက် အန္တရာယ်ကြီးတယ်ဆိုတာကိုတောင် ဝေဖန်ပိုင်းခြားနိုင်တဲ့ အသိဉာဏ်တွေ ကင်းမဲ့နေကြကုန်ပြီကိုး"

"အဖျက်သမားအားလုံး အသိတရားနဲ့ ဆင်ခြင်ပြုပြင်ကြဖို့တော့ ကောင်းပါပြီ"

"ဒို့နိုင်ငံမှာ ပြည်ပြေးစိန်ဝင်းရဲ့ NCGUB အဖွဲ့လဲရှိတယ်။ အခု စဝ်ခမ်ဖရဲ့ ရှမ်းပြည်ယာယီအစိုးရလဲ ဖြစ်ပေါ်လာတယ်ဆိုတော့ ပြည်ပမှာ ယာယီအစိုးရ နှစ်ဖွဲ့ရှိနေတဲ့ သဘောဆောင်နေတာပေါ့"

"သဘောသဘာဝအရ ပြည်ပြေးစိန်ဝင်းဆီကနေ နယ်မြေအစိတ်အပိုင်း တစ်ခုကို စဝ်ခမ်ဖက ဖဲ့ထုတ်ယူလိုက်တဲ့ သဘောပေါ့။ ဒါကို စိန်ဝင်းက ဘယ်လိုမှ မတုံ့ပြန်ဘူးလား"

"စိန်ဝင်းက ဒီနေရာမှာ အလွန်သဘောကောင်းတဲ့ပုံပဲ။ ကိုယ့်ရဲ့ လေထဲက ပိုင်နက်နယ်မြေကို စဝ်ခမ်ဖက လေထဲမှာပဲ ဖဲ့ယူလိုက်တာမို့ မကျေမနပ်ဖြစ်ပုံ မရတဲ့အပြင် သူကတောင် ထောက်ခံပြောဆိုနေတယ်လို့ ကြားသိရတယ်"

"ရည်ရွယ်ချက်တူ အဖျက်သမားအချင်းချင်း လက်တွေ့မဟုတ်ဘဲ လေထဲမှာပဲ ခွဲဝေနေကြတာမို့ ပေါင်းသင်းမိကြဟန် တူပါတယ်"

"ဒါ့ထက် ပိုမှန်အောင် ပြောရရင် ဆရာတစ်ယောက်ထဲရဲ့ လက်သပ်မွေး တပည့်တွေဖြစ်နေလို့ပဲလို့ ဆိုရမယ်၊ ဆရာ့စကားဆို မြေဝယ်မကျ နားထောင် ကြရတဲ့ ဝါရင့်အဖျက်သမားတွေမို့ အချင်းချင်း စာနာထောက်ထားကြတယ်နဲ့ တူပါတယ်"

'ငါ့နိုင်ငံ၊ ငါ့လူမျိုးအကျိုးထက် ငါနဲ့ ငါ့အဖွဲ့အာဏာရရေး၊ ကောင်းစား ရေးကိုပဲ အမြဲရှေးရှုကြံစည်တွေးတော လုပ်ကိုင်နေကြသူတွေမို့ နိုင်ငံနဲ့လူမျိုး ဘယ်လိုဆိုးကျိုးဒုက္ခတွေနဲ့ပဲ ဆုံပါစေ လုံးဝမမှုပါဆိုတဲ့ ထိပ်တန်းအဖျက် သမား၊ လူယုတ်မာတွေပဲလို့ ဆိုရမှာပဲ"

"ဆရာကြီးရဲ့ လမ်းညွှန်မှုနဲ့ အဖျက်သမားတွေရဲ့ တစ်ဆင့်ပြီးတစ်ဆင့် အစီအမံရှိရှိနဲ့ အချိန်ကိုက်လုပ်ဆောင်နေမှုတွေကိုတော့ နိုင်ငံတော်အစိုးရနဲ့ အတူ ဒို့ပြည်သူတွေအားလုံး သတိရှိရှိနဲ့ တားဆီးကာကွယ်ချေမှုန်းပစ် ကြရမှာပဲဟေ့"

"တပ်မတော်အစိုးရအနေနဲ့ကတော့ ဒို့တာဝန်အရေးသုံးပါးကို လုံးဝထိ ပါးမခံဘဲ တိုင်းရင်းသားပြည်သူများအားလုံးနဲ့ အစဉ်လက်တွဲပြီး ကာကွယ် စောင့်ရှောက်သွားမယ်။ မည်သည့်ပြည်နယ်၊ မည်သည့်တိုင်းကိုမျှ ပြည်ထောင်စု ကြီးကနေ ခွဲထွက်ခွင့်ပြုမှာ မဟုတ်ကြောင်း အတိအလင်းကြေညာပြောကြား သွားတာ တွေ့ရလို့ နိုင်ငံနဲ့လူမျိုးအတွက် အားရကျေနပ်စရာပါပဲ"

ယခုလို စကားဝိုင်းဖွဲ့၍ ကောင်းနေစဉ်မှာပဲ အိမ်သူသက်ထားက ထမင်း ချူးပြီး အသင့်ဖြစ်နေပြီဖြစ်သဖြင့် စကားဝိုင်းခဏရပ်ကာ နံနက်စာ လာရောက် စားသုံးကြပါရန် ဖိတ်ခေါ်မှုကြောင့် ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် စကားဝိုင်းနေရာမှ ထမင်းဝိုင်းနေရာသို့ ရွှေ့ခဲ့ကြပါသည်။ ကျွန်တော့်အတွေးတွင်မူ သံသယပျောက်၍ အမှန်ဘဝသို့ ရောက်လာသော ဦးကန်နတို့အဖွဲ့၏ မှန်ကန်သော လုပ်ဆောင်ချက်များနှင့်စပ်လျဉ်း၍ စကားဝိုင်း ဆက်လက်ဖွဲ့ဆိုရန် ပုံဖော်နေမိပါတော့သည်။ ။

တပ်မတော်အစိုးရအနေနဲ့ကတော့ ဒို့တာဝန်အရေးသုံးပါးကို လုံးဝထိပါးမခံဘဲ တိုင်းရင်းသားပြည်သူများအားလုံးနဲ့ အစဉ်လက်တွဲပြီး ကာကွယ်စောင့်ရှောက်သွားမယ်။ မည်သည့်ပြည်နယ်၊ မည်သည့်တိုင်းကိုမျှ ပြည်ထောင်စုကြီးကနေ ခွဲထွက်ခွင့်ပြုမှာ မဟုတ်ကြောင်း အတိအလင်း ကြေညာပြောကြားသွားတာတွေ့ရလို့ နိုင်ငံနဲ့ လူမျိုးအတွက် အားရကျေနပ်စရာပါပဲ။

ကမ္ဘာ့သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ ၂၀၀၅ ခုနှစ် မေလ ၁၄ ရက် သွေးတိုးရောဂါ ကာကွယ်ထိန်းသိမ်းပါ

၁။ ကိုယ်အလေးချိန်ပုံမှန်ဖြစ်ရန် ထိန်းသိမ်း၍ အဝမလွန်အောင် နေထိုင် စားသောက်ပါ။
၂။ ပုံမှန်ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ပါ။ နေ့စဉ် နာရီဝက်၊ တစ်နာရီခန့် ခပ်သွက်သွက်လမ်းလျှောက်ခြင်းကဲ့သို့သော ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ပါ။
၃။ ဟင်းသီးဟင်းရွက်၊ အသီးအနှံ များများစားသုံးပါ။
၄။ စိတ်ဖိစီးမှုနည်းပါးအောင် နေထိုင်ပါ။
၅။ အငန်ဓာတ်ပါသော ငါးပိ၊ ငါးခြောက်၊ ဟင်းချိုမှုန့်စသည့် အစားအစာများကို ရှောင်ကြဉ်ပါ။
၆။ အဆီကိုလွန်ကဲစွာ စားသုံးခြင်းမှ ရှောင်ကြဉ်ပါ။
၇။ အရက်ကို အလွန်အကျွံသောက်သုံးခြင်းမှ ရှောင်ကြဉ်ပါ။
၈။ ဆေးလိပ်သောက်ခြင်းကို ရှောင်ကြဉ်ပါ။
၉။ သွေးတိုးရောဂါရှိပါက သွေးပေါင်မှန်မှန်ချိန်၍ စနစ်တကျ ဆေးကုသမှုခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်း အောင်မြင်ရေး ဌာနဆိုင်ရာဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်

ရန်ကုန် မေ ၁၀

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၈ ရက် ညနေပိုင်းတွင် မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ဓမ္မစေတီရပ်ကွက်ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းဝင်းအတွင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် တူးဖော်ပေးထားသည့် လေးလက်မ စက်ရေတွင်းတူးဖော်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက စက်ရေတွင်းတူးဖော်မှု အခြေအနေနှင့် မြို့နေပြည်သူများသို့ ရေဖြန့်ဝေပေးနေမှုအစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တိုးချဲ့တည်ဆောက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဤဒေသသည် ပင်လယ်ကမ်းစပ်ဖြစ်၍ ရေငန်ဝင်ရောက်သည့်ဒေသဖြစ်သဖြင့် ပြည်သူများသန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း၊ ရေတွင်းပတ်လည် သန့်ရှင်းသပ်ရပ်စေရေးဆောင်ရွက်ရန်နှင့် ရေသိုလှောင်ကန်ကို အမြန်ပြီးအောင် တိုးချဲ့တည်ဆောက်ကြရန်လိုကြောင်း၊ ဆက်လက်တူးဖော်မည့် စက်ရေတွင်းနှစ်တွင်းကိုလည်း စနစ်တကျ တူးဖော်ကြရန်လိုကြောင်း စသည်ဖြင့်မှာကြားသည်။

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကျိုက္ခမီမြို့ အောင်သုခရပ်ကွက်ရှိ အလျားပေ ၄၆၀၊ အနံပေ ၂၈၀ရှိ သောက်သုံးရေကန်ပြုပြင်ထားရှိသည့်နေရာနှင့် သောက်သုံးရေကန်ထပ်မံတူးဖော်ထားရှိမှု၊ ကန်ပတ်လည်ကန်ပေါင်မြေဖို့ထားမှုနှင့် ပတ်လည်အုတ်ခြစ်စည်းရိုး ကာရံထားရှိမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြားသည်။

ကြည့်ရှုစစ်ဆေး

မေ ၉ရက် နံနက်ပိုင်းတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ဒုတိယတပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဗိုလ်ချုပ်အောင်ကြည်နှင့် တာဝန်ရှိသူများနှင့်အတူ ရေးမြို့နယ် ခေါဇာမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်၍ ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားညွှန်ကြားဆောင်ရွက်ပေးသည်။

စက်ရေတွင်းတူးဖော်မှု ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် တပ်မတော် လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် ကျိုက္ခမီမြို့ ဓမ္မစေတီရပ်ကွက်ရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်းဝင်းအတွင်း နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန အစီအစဉ်ဖြင့် တူးဖော်ပေးထားသည့် လေးလက်မစက်ရေတွင်း တူးဖော်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဆက်လက်၍ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ခေါဇာမြို့နယ်ဌာနဆိုင်ရာစုပေါင်းရုံးများ ဆောက်လုပ်မည့်နေရာသို့လည်းကောင်း၊ ခေါဇာတိုက်နယ်ဆေးရုံသို့လည်းကောင်း၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းသို့လည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာတာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ရှင်းလင်းတင်ပြ

ယနေ့နံနက်ပိုင်းတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည်ရေးမြို့နယ် လမိုင်းမြို့သို့ သွားရောက်၍ မြို့နယ်ရုံးပေါင်းစုံ အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာဝန်ထမ်းများအားတွေ့ဆုံရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မြင့်လှိုင်က လမိုင်းမြို့နယ်၏ အကျယ်အဝန်း၊ လူဦးရေနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ဇယားကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အောင်မြင်ရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများက ဒေသခံပြည်သူများနှင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရေး အကျယ်တဝင့် ရှင်းလင်းမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး မြို့တွင်းသို့ မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ အမျိုးသား ညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး လုပ်ငန်းကော်မတီအနေဖြင့်ဆောင်ရွက်လျက် ရှိ သည့် ကိစ္စ များ နှင့် ဆက်လက်ဆောင်ရွက် သွား မည့် ကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်းက အမျိုးသား ညီလာခံ ငွေကြေးသုံးစွဲမှု ကိစ္စ၊ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာကိစ္စနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များ အမည်စာရင်းမှတ်တမ်း ထုတ်ပြန်ခြင်းကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်အဖွဲ့ဝင် အမျိုးသား ညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင် အမျိုးသား ညီလာခံကျင်းပလျက်ရှိသည့်ရန်ကုန်တိုင်း မှော်ဘီ မြို့နယ် ညောင်နှစ်ပင်စခန်းရှိ အဆောက်အအုံများ၊ ပရိဘောဂနှင့်ပစ္စည်းများ ထိန်းသိမ်းထားရှိမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

* ရှေ့ဖုံးမှ

အစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဒုတိယဥက္ကဋ္ဌ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ကော်မရှင်အဖွဲ့ဝင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့်ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် တွဲဖက်အတွင်းရေးမှူး(၂) ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက ဆောင်ရွက်သည်။

ရှေးဦးစွာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က အဖွင့်အမှာစကားပြောကြားရာတွင် အမျိုးသားညီလာခံကို မတ် ၃၁ရက်မှစ၍ ခေတ္တရပ်နားထားခဲ့ရာ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အနေဖြင့်လည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအနေဖြင့်လည်းကောင်း၊ အမျိုးသားညီလာခံ ကျင်းပရေးစီမံခန့်ခွဲမှုကော်မတီအနေဖြင့်လည်းကောင်း ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးရန် ယခုကဲ့သို့ အစည်းအဝေးခေါ်ယူရခြင်းဖြစ်ကြောင်း။

အချိန်နှင့်တစ်ပြေးညီ

မိမိတို့သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံ ငွေကြေးသုံးစွဲမှုကိစ္စ၊ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာကိစ္စနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များ အမည်စာရင်းမှတ်တမ်းထုတ်ပြန်ခြင်း ကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက လုပ်ငန်းကော်မတီအနေဖြင့် ဆောင်ရွက်လျက်ရှိသည့် ကိစ္စများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်ကိစ္စများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်အဖွဲ့ဝင် အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က အမျိုးသားညီလာခံကျင်းပလျက်ရှိသည့် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ အဆောက်အအုံများ၊ ပရိဘောဂနှင့် ပစ္စည်းများ ထိန်းသိမ်းထားရှိမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို အကြံပြုဆွေးနွေးတင်ပြကြသည်။

ဖြည့်ဆည်းဆောင်ရွက်

ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို မှာကြား ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အစည်းအဝေးအမှတ်စဉ်(၂/၂၀၀၅)ကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး လူ့စွမ်းအား အရင်းအမြစ် အဓိကအရေးပါ မျိုးဆက်သစ်လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေး ကျန်းမာရေးစောင့်ရှောက်မှု ရှေ့တန်းကပါဝင်

ရန်ကုန် မေ ၁၀

ကရင်ပြည်နယ်ဘားအံမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးနှင့် တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် မေ၇ရက် နံနက် ၈နာရီက မော်တော်ယာဉ်များဖြင့် ဘားအံမြို့မှ လှိုင်းဘွဲ့မြို့နယ် ဒေါ်လန်းတံတားအနီးရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ရှင်းလင်းတင်ပြ

ထို့နောက် လှိုင်းဘွဲ့ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကိုကိုကြီးက အရှည်၁၉မိုင်ရှိ ကျော့ရွာ-ဝင်းစိန်-ဒေါ်လန်းလမ်း အခြေအနေနှင့် တံတားများ၏အခြေအနေ၊ လမ်းမျက်နှာပြင်ကို ၁၂ပေ အကျယ်မှ၁၈ပေ အကျယ်အထိ တိုးချဲ့လုပ်ဆောင်မည့် အစီအစဉ်နှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးခင်ကြူးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ကျော့ရွာ-ဒေါ်လန်းလမ်းကို အစဉ်ကောင်းမွန်အောင်ဆောင်ရွက်ရေး၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ ကျော့ရွာ-ဒေါ်လန်းလမ်းရှိ တံတားများကို တာရှည်ခံ၍ ရေရှည်အသုံးပြုနိုင်သော တံတားများဖြစ်အောင် ပြုပြင်တိုးချဲ့ဆောင်ရွက်ကြရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းအပြင် မွေးမြူရေးလုပ်ငန်းများကိုပါ တိုးချဲ့လုပ်ကိုင်ကြရေးမှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်ပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဒေသခံကျေးရွာများမှ တာဝန်ရှိသူများ၊ ပြည်သူများနှင့် တွေ့ဆုံ၍ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဒေါ်လန်းတံတား၏ ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး **(အပေါ်ယာပုံ)** မော်တော်ယာဉ်များဖြင့် ဒေါ်လန်း-နဘူးလမ်း တစ်လျှောက်ရှိကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုများနှင့် တံတားများ၏ အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့နယ် နဘူးကျေးရွာသို့ ရောက်ရှိကြပြီး နယ်မြေခံတပ်ရင်းခန်းမ၌ တပ်ရင်းမှ တပ်မတော်သားများနှင့် မိသားစုများအား တွေ့ဆုံမှာကြားကာ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ တိုင်းမှူးဗိုလ်ချုပ် သူရမြင့်အောင်နှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့နယ် မြပတိုင်ကျေးလက်ကျန်းမာရေးဌာနသို့ ရောက်ရှိကြပြီး လူနာခန်း၊ သားဖွားခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး၍ ကျေးရွာသူကျေးရွာသားများအား ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားကြသည်။

ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် နံနက်၁၁နာရီ၄၅ မိနစ်တွင် ကော့ကရိတ်မြို့သို့ရောက်ရှိကြပြီး နယ်မြေခံ တပ်ရင်းခန်းမ၌ တပ်မတော်သားများနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ မိသားစုဝင်များ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ သက်သာချောင်ချိရေးတို့အတွက် တာဝန်ရှိသူ အဆင့်ဆင့်တို့က ဆောင်ရွက်ပေးရေး၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို တစ်ပိုင်တစ်နိုင် ဆောင်ရွက်ကြရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားပြီး တပ်မတော်သားများနှင့် မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုသည် ဆေးရုံသင်တန်းခန်းမ၌ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား တွေ့ဆုံ၍ အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲက ပြည်နယ်နှင့်တိုင်းအလိုက် နယ်စပ်ဒေသမကျန် နိုင်ငံတစ်ဝန်းလုံး အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ရပ်ရွာအေးချမ်းသာယာမှသာ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ပြည်သူများက အစဉ်ယုံကြည်အားထားလာအောင် ကျန်းမာရေး ဝန်ထမ်းများက နာ ငါးနာဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အချင်းပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များမှာ အဓိကအရေးပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဖြစ်သော မျိုးဆက်သစ်လူငယ်များဖွံ့ဖြိုးတိုးတက်ရေးတွင် ကျန်းမာရေးစောင့်ရှောက်မှုသည်လည်း ရှေ့တန်းက ပါဝင်နေကြောင်း။

ထို့ကြောင့် တိုင်းပြည်၏ အနာဂတ်သားကောင်းများပေါ်ထွက်ပြီး နိုင်ငံ့အကျိုးဆောင်ရွက်နိုင်ရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှု ပိုမိုမြင့်တင်ပေးနိုင်မည့် ခုတင် (၁၀၀)ဆံ့ဆေးရုံကြီး အမြန်ပြီးစီးနိုင်ရေးအတွက် ဒေသဆိုင်ရာ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားပြီး ခုတင်(၁၀၀)ဆံ့ ဆေးရုံသစ်တည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ဝန်ကြီးဗိုလ်ချုပ်လှထွန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည်အစည်းအဝေးမှ ပြန်လည်ရောက်ရှိ

ရန်ကုန် မေ ၁၀

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှထွန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ၄ရက်မှ ၆ရက်အထိ တူရကီနိုင်ငံ အစ္စတန်ဘူမြို့၌ ကျင်းပခဲ့သည့် (၃၈)ကြိမ်မြောက် အာရှဖွံ့ဖြိုးရေးဘဏ် နှစ်ပတ်လည် အစည်းအဝေးသို့တက်ရောက်ခဲ့ပြီး ယမန်နေ့မွန်းတည့် ၁၂နာရီက စင်ကာပူလေကြောင်းခရီးစဉ်ဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

ကြိုဆိုနှုတ်ဆက်

ဝန်ကြီး ဗိုလ်ချုပ်လှထွန်းခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးသန်းညိန်းနှင့် ဝန်ကြီးဌာနအောက်ရှိ ဌာနများမှ ဌာနအကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ကိုယ်စားလှယ်အဖွဲ့၏ မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

ကြိုဆိုနှုတ်ခွန်းဆက်စကား

အစီအစဉ်အရ မေ ၄ရက် နံနက် ၁၀နာရီတွင် အာရှဖွံ့ဖြိုးရေးဘဏ်၏ (၃၈)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးအခမ်းအနားကိုအစ္စတန်ဘူလ်မြို့ Istanbul Convention and Exhibition Centre (ICEC) ၌ကျင်းပရာ ရိုးရာယဉ်ကျေးမှုဖျော်ဖြေပွဲများအပြီးတွင် အထူးဧည့်သည်တော် တူရကီနိုင်ငံ Minister of State in Charge of Economy Mr. Ali Babacanနှင့် အစည်းအဝေး သဘာပတိ Minister of Finance Mr. Ibrahim Canakci၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Haruhiko Kuroda တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား အသီးသီး ပြောကြားကြသည်။

ဆက်လက်၍ မွန်းလွဲ ၂နာရီတွင် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးကို Swissotel Istanbul ၌ ကျင်းပရာ အဖွဲ့ဝင်နိုင်ငံများအတွင်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေများနှင့် မူဝါဒဆိုင်ရာများကို လည်းကောင်း၊ ငွေရေးကြေးရေးဆိုင်ရာ၊ဘဏ္ဍာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများ အခြေအနေကိုလည်းကောင်း သုံးသပ်ဆွေးနွေးကြသည်။ ထို့နောက် ညနေ ၆နာရီတွင် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများ၏ ပူးတွဲသတင်း ထုတ်ပြန်ချက်ထုတ် ပြန်ပြီး အစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

ဆွေးနွေး

ဆက်လက်၍ မေ ၅ ရက် နံနက် ၉ နာရီခွဲတွင် အစည်းအဝေးကျင်းပသော Convention Center ၏ Rumeli Hall ၌ အာရှဖွံ့ဖြိုးရေးဘဏ် ဂါဗာနာအဖွဲ့ဝင်ဘဏ္ဍာရေးဝန်ကြီးများ၏ အစည်းအဝေးကို ကျင်းပပြီး အာရှဒေသတွင်းနှင့် ဒေသပြင်ပရှိ အဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေး အခြေအနေနှင့် ရှေ့အလားအလာများကို ဆွေးနွေးကြသည်။

တက်ရောက်ခဲ့

ယင်းနောက် မွန်းတည့် ၁၂ နာရီတွင် Hilton Hotel Ballom ၌ ဂါဗာနာအဖွဲ့ သဘာပတိ Mr. Ibrahim Canakci၊ အာရှဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Haruhiko Kuroda တို့နှင့်အတူ နေ့လယ်ပိုင်း အစည်းအဝေးများကို ဆက်လက်ကျင်းပကြပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ရာ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်ခဲ့သည်။

ဆက်လက်၍မွန်းလွဲ ၂နာရီ တွင် ဂါဗာနာဘုတ်အဖွဲ့ဝင်များ၏ အစည်းအဝေးကို ICEC၏ Rumeli Hall ၌ ကျင်းပရာ အာရှဖွံ့ဖြိုးရေးဘဏ် အဖွဲ့ဝင်နိုင်ငံများမှ ဘဏ္ဍာရေးဝန်ကြီး အသီးသီးတို့က မိမိတို့နိုင်ငံ၏ ဘဏ္ဍာရေးကဏ္ဍ၊ ငွေရေးကြေးရေးကဏ္ဍနှင့် စီးပွားရေး အခြေအနေများ ဆောင်ရွက်လျက်ရှိသည့် ပြုပြင်ပြောင်းလဲမှုများနှင့် မူဝါဒများကို ရှင်းလင်း ဆွေးနွေးပြောကြားသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းကလည်း မြန်မာနိုင်ငံ၏ ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် စီးပွားရေး တိုးတက်မှု အခြေအနေများကို လည်းကောင်း၊ ဆက်လက် ဆောင်ရွက်လျက် ရှိသည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းပြောကြားခဲ့သည်။ **(ဝဲပုံ)**

မြန်မာနိုင်ငံ အနေဖြင့် မိမိတို့၏ စီးပွားရေးတိုးတက်မှုနှုန်း အရှိန်ကိုဆက်လက် ထိန်းထားရန် ကြိုးပမ်းအားထုတ်မှုများကို စဉ်ဆက်မပြတ် ပြုလုပ်သွားမှာ ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် မေ ၆ ရက် နံနက် ၉ နာရီတွင် ဂါဗာနာအဖွဲ့ဝင်များ၏ အစည်းအဝေးနှင့် အမှုဆောင်ကော်မတီ၏ အစီအရင်ခံစာများ ဖတ်ကြားခြင်း တို့ကို ICEC ၏ Rumeli Hall ၌ကျင်းပရာ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ ထို့နောက် အစည်းအဝေးသဘာပတိ တူရကီနိုင်ငံဘဏ္ဍာရေး ဝန်ကြီး Mr. Ibrahim Canakci နှင့်အာရှ ဖွံ့ဖြိုးရေးဘဏ်ဥက္ကဋ္ဌ Mr. Haruhiko Kuroda တို့က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

မြန်မာကိုယ်စားလှယ်အဖွဲ့သည် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ ရောက်ရှိနေစဉ် မေ ၃ ရက် ညနေ ၃ နာရီတွင် ဝန်ကြီး ဗိုလ်ချုပ်လှထွန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာရှဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ Mr. Haruhiko Kuroda နှင့်မြန်မာနိုင်ငံ၏ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ အာရှဖွံ့ဖြိုးရေးဘဏ်၏ ဒေသတွင်း မက်ခရိုစီးပွားရေးဆိုင်ရာ တိုးမြှင့်ထောက်ပံ့ပေးသွားသင့်သည့်အခြေအနေများကို တွေ့ဆုံဆွေးနွေးသည်။

အကျိုးတူ

အလားတူ ဝန်ကြီး ဗိုလ်ချုပ်လှထွန်းအား မေ ၅ ရက်တွင် OPEC Fund မှ Asian Regional Director ဖြစ်သူ Mr. Fuao Albassam က လည်းကောင်း၊ Mitsui Sumitomo Insuarnce Co.,Ltd. မှ ဥက္ကဋ္ဌဖြစ်သူ Mr. Takeo Inokuchiနှင့် အဖွဲ့က လည်းကောင်း လာရောက်တွေ့ဆုံပြီး အကျိုးတူပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

မြတ်ဓမ္မတရားသင်တန်းနှင့် တရားစခန်းဖွင့်လှစ်မည်

ရန်ကုန် မေ ၁၀

ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းရှိ ပညာရာမိကမဟာကျောင်းတိုက်(A)တွင် မေ၁၅ရက်မှစ၍အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆရာတော်ဘဒ္ဒန္တဇာနေယျ (သာသနဓဇဓမ္မာစရိယ၊ L.L.B) သည်နံနက် ၈နာရီမှ ၁၀နာရီထိ ဗုဒ္ဓနည်းကျမြတ်ဓမ္မတရားသင်တန်းနှင့် တရားစခန်းဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

❒ *ကျောဖုံးမှ*

ရပ်ကွက်(၁)၊ ရပ်ကွက်(၂)နှင့် ရပ်ကွက်(၃)၊ မိုင်းရယ်မြို့နယ်ရှိ နားခိုကျေးရွာ၊ နားဖျိုင်းကျေးရွာ၊ နောင်မိုကျေးရွာ၊ ဟိုယကျေးရွာ၊ ကောင်းမောင်ကျေးရွာနှင့် လွယ်ငင်းကျေးရွာတို့မှ ဒေသခံ တိုင်းရင်းသား ပြည်သူများ စုစုပေါင်း အင်အား ၅၂၀၀ တို့ တစ်ခဲနက် တက်ရောက်ကြသည်။

သဘာပတိ

လူထုအစည်းအဝေးကြီးတွင် သဘာပတိအဖြစ် မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်မှ ရှမ်းတိုင်းရင်းသား တောင်သူဦးစိုင်းထွမ်းဆာက ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်မှ ရှမ်းတိုင်းရင်းသား တောင်သူဦးစိုင်းဆန်လိတ်နှင့် ရှမ်းပြည်တပ်မတော် (SSA) ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၃) ဗဟိုဦးစီးကော်မတီ အတွင်းရေးမှူးစဝ်ယားပေတို့က ဆောင်ရွက်ကြသည်။ ရှမ်းတိုင်းရင်းသား တောင်သူဦးစိုင်းထွမ်းဆာက မြန်မာနှင့်ရှမ်း နှစ်ဘာသာဖြင့် အဖွင့်မိန့်ခွန်း ပြောကြားသည်။

(သဘာပတိ ဦးစိုင်းထွမ်းဆာ၏ အဖွင့်မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။)

အဆိုတင်သွင်း

ဆက်လက်၍ မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်မှ ဒေသခံရှမ်းတိုင်းရင်းသား ဦးစိုင်းစံမြတ်က "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို မြန်မာနှင့်ရှမ်း နှစ်ဘာသာဖြင့် တင်သွင်းသည်။

(အဆိုတင်သွင်းချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် မိုင်းရယ်မြို့ အမှတ်(၃) ရပ်ကွက်မှ ဒေသခံ ရှမ်းတိုင်းရင်းသား ဦးစိုင်းတင်ညွန့်က အဆိုရှင် ဦးစိုင်းစံမြတ် တင်သွင်းသွားသော "ပြည်ပြေး

(ဖြည့်စွက်ထောက်ခံချက်အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ထို့နောက် မိုင်းရယ်မြို့ အမှတ်(၃) ရပ်ကွက်မှ ဒေသခံရှမ်းတိုင်းရင်းသား ဦးစိုင်းအောင်ညွန့်က အဆိုရှင် ဦးစိုင်းစံမြတ် တင်သွင်းသွားသော "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို ဖြည့်စွက်ထောက်ခံသည်။

(ဖြည့်စွက်ထောက်ခံချက်အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

အတည်ပြုကြောင်းကြေညာ

ယင်းနောက် သဘာပတိက ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ အခမ်းအနားတွင် တင်သွင်းသွားသော "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးတွင် သဘာပတိအဖြစ် မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်မှ ရှမ်းတိုင်းရင်းသားတောင်သူ ဦးစိုင်းထွမ်းဆာနှင့် သဘာပတိအဖွဲ့ဝင်များအဖြစ် မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်မှ ရှမ်းတိုင်းရင်းသား တောင်သူ ဦးစိုင်းဆန်လိတ်နှင့် ရှမ်းပြည်တပ်မတော်(SSA)ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃) ဗဟိုဦးစီးကော်မတီ အတွင်းရေးမှူး စဝ်ယားပေတို့ ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့ရှိ မြို့မပြည်သူ့အားကစားကွင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)

အခမ်းအနားမှူးအဖြစ် မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်မှ ဒေသခံ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းကေသီက ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူး အဖြစ် မိုင်းရယ်မြို့ အမှတ်(၁) ရပ်ကွက်မှ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းခမ်းလှက ဆောင်ရွက်သည်။

နိုင်ငံတော်အလံအားအလေးပြု

ရှေးဦးစွာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များ နေရာယူကြပြီး တက်ရောက်လာကြသော ပြည်သူလူထုက ပြည်ထောင်စု မြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

ထို့နောက် အခမ်းအနားမှူးက အခမ်းအနား စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိ မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်မှ စဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ တိုင်းရင်းသား ပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"အဆိုကို ထောက်ခံတင်ပြသည်။

(ထောက်ခံဆွေးနွေးချက် အပြည့်အစုံကို သီးခြားဖော်ပြထားပါသည်။)

ဖြည့်စွက်ထောက်ခံ

ဆက်လက်၍ မိုင်းရယ်မြို့ အမှတ်(၂)ရပ်ကွက်မှ ဒေသခံရှမ်းတိုင်းရင်းသူ ဒေါ်နန်းအိအိမွန်က အဆိုရှင် ဦးစိုင်းစံမြတ် တင်သွင်းသွားသော "ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား မိုင်းရယ်မြို့နယ်မှ တိုင်းရင်းသား ပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း"အဆိုကို ဖြည့်စွက်ထောက်ခံသည်။

တိုင်းရင်းသား ပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း" အဆိုကို အခမ်းအနားသို့တက်ရောက်လာကြသော ပြည်သူလူထု၏ဆန္ဒသဘောထားရယူပြီး ယင်းအဆိုကို အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် တက်ရောက်လာကြသောပြည်သူလူထုက **"ပြည်ထောင်စုမပြိုကွဲရေး" ဒို့အရေး၊ ဒို့အရေး၊ "တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး" ဒို့အရေး၊ ဒို့အရေး၊ "အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး" ဒို့အရေး၊ ဒို့အရေး၊ "နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်" အောင်ရမည်၊ အောင်ရမည်၊ အောင်ရမည်**ဟု တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက် ၈နာရီ ၁၅မိနစ်တွင် အခမ်းအနားအောင်မြင်စွာကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးတွင် အခမ်းအနားမှူးအဖြစ် မိုင်းရယ်မြို့ အမှတ်(၃)ရပ်ကွက်မှ ဒေသခံရှမ်းတိုင်းရင်းသူ ဒေါ်နန်းကေသီနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် မိုင်းရယ်မြို့ အမှတ်(၁) ရပ်ကွက်မှ ရှမ်းတိုင်းရင်းသူ ဒေါ်နန်းခမ်းလှတို့က ဆောင်ရွက်ကြစဉ်။ (သတင်းစဉ်)

ပြည်ပြေးစဝ်ခမ်ဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးသို့ တက်ရောက်ကြသူများကို တွေ့ရစဉ်။ (သတင်းစဉ်)

အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်မည်

ရန်ကုန် မေ ၁၀

မင်္ဂလာတောင်ညွန့်မြို့နယ် သိမ်ဖြူလမ်း ဒေဝသာဂရရဟန္တာသိမ်ဖြူတော်ကြီးတွင် ဆရာတော် ဘဒ္ဒန္တဥေယျသာဂရအား အမှူးထား၍ တပည့်ဒါယကာ ဒါယိကာမများက (၁၁)ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲကို မေ၁၅ရက်မှ ၁၉ရက်အထိ ကျင်းပမည်ဖြစ်ရာ ဒါယကာ ဒါယိကာမများ လာရောက်ပူဇော်နိုင်ကြောင်းသိရသည်။ **(က-ပ)**

MRTV-4 ရုပ်မြင်သံကြား အစီအစဉ်

၁၁-၅-၂၀၀၅
(ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၁၅	UEFA.Stories Euro 1976
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	ကလေးများတွင်ဖြစ်တတ်သောသွားပိုးစားရောဂါ
၈း၀၅	ပြည်တွင်းသတင်းအကျဉ်း
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	မနီတို့ရွာနှင့်သစ်တော
၈း၃၅	တေးဂီတအစီအစဉ်
၈း၄၀	လက်ဆင့်ကမ်းဝေဂီတအမွေ
၉း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၁၅	အောင်မြင်ဖြစ်ထွန်း သမဝါယမ လယ်ယာကိုင်းကျွန်း
၉း၂၅	တေးဂီတအစီအစဉ်
၉း၃၀	ဧရာဝတီတိုင်း ကျုံပျော်မြို့နယ် အင်းရဲကြီးအင်း ငါးမွေးမြူရေးလုပ်ငန်း
၉း၃၅	ပြည်တွင်းသတင်းအကျဉ်း
၉း၄၀	ရှုချင်စရာမျက်လှည့်ပဒေသာ
၉း၅၅	တေးဂီတအစီအစဉ်
၁၀း၀၀	လူသုံးနည်းသစ်များ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုရေး
၁၀း၀၅	မိုးလေဝသခန့်မှန်းချက်
၁၀း၁၀	ဂီတဆည်းဆာတေးသံသာ
၁၀း၅၀	ဆွာချောင်းရေလှောင်တမံ
၁၀း၅၅	တေးဂီတအစီအစဉ်
၁၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါလေးနာရီစာအစီအစဉ်များကို ည ၂၃း၀၀နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကုလားတန် ဘက်စုံစီမံကိန်းအဆင့်မြင့် အရာရှိများ၏ တတိယအကြိမ် အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် ဒုတိယဝန်ကြီး ဦးဖေသန်း ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်စဉ်။ (ပို့ဆောင်ရေး)

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ မြန်မာကိုယ်စားလှယ်အဖွဲ့အား ကြိုဆိုနှုတ်ဆက်

ရန်ကုန် မေ ၁၀

အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့၌ မေ ၅ရက်မှ ၇ရက်အထိကျင်းပသော ကုလားတန် ဘက်စုံစီမံကိန်း အဆင့်မြင့်အရာရှိများ၏ တတိယအကြိမ်အစည်းအဝေးသို့တက်ရောက်ခဲ့သော ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖေသန်း ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၇နာရီတွင် အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ ဌာနအကြီးအကဲများနှင့် မိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တန့်ကြည့်တောင် စိမ်းလန်းစိုပြည်ရေး မိုးရာသီအချိန်မီစိုက်ပျိုးနိုင်ရန်ဆောင်ရွက်

ရန်ကုန် မေ ၁၀

သစ်တောရေးရာဝန်ကြီးဌာန အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးထွန်းထွန်းသည် မကွေးတိုင်း ပခုက္ကူခရိုင် လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဦးစီးအရာရှိတို့လိုက်ပါလျက် မေ ၈ရက်တွင် တန့်ကြည့်တောင် စိမ်းလန်းစိုပြည်ရေးစိုက်ခင်းများ၊ တန့်ကြည့်တောင်ဘုရားအတက် ကားလမ်းဝဲ/ယာ ညောင်ပင်ကြီးများ စိုက်ပျိုးရှင်သန်မှု၊ သုံးထပ်ကွေ့ ရှောင်ကွင်းလမ်းဝဲ/ယာ တမာ၊ ကုက္ကို၊ ညောင် အပင်နှစ်သိန်း စိုက်ပျိုးရှင်သန်မှု၊ မုံတောင်ဖြတ်လမ်းဝဲ/ယာ ညောင်ပင်စိုက်ပျိုးရှင်သန်မှု၊ တန့်ကြည့်ရွာမှ တန့်ကြည်တောင် ဘုရားအတက် ဝဲ/ယာများ၌ ညောင်ပင်စိုက်ပျိုးရှင်သန်မှုအခြေအနေများနှင့်ရေတင်ခြင်းလုပ်ငန်းများ၊ ကြက်ဆူကြီးစိုက်ခင်း အောင်မြင်နေမှု အခြေအနေများနှင့်ပျိုးဥယျာဉ်လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် စစ်ကိုင်း၊ မုံရွာကားလမ်းဘေးဝဲ/ယာ စိုက်ပျိုးထားရှိမှု အခြေအနေများ၊ ပျိုးဥယျာဉ်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ညွှန်ကြားရေးမှူးချုပ်သည် တာဝန်ရှိဝန်ထမ်းများအားတွေ့ဆုံ၍ စိုက်ပြီးစိုက်ခင်းများ ရှင်သန်အောင် အလေးထားဆောင်ရွက်ရေး၊ မိုးမကျမီ ယခင်နှစ်စိုက်ခင်းဟောင်းများကို ခါးဆွမြေတောင်မြှောက်ပေးရေး၊ သေပင်များကို ပြန်လည်ဖာထေးစိုက်ပျိုးနိုင်အောင် စီမံထားရှိရေး၊ လမ်းဘေးဝဲ/ယာ ကွက်လပ်နေရာများ၌ စနစ်တကျစီမံချက်များရေးဆွဲပြီး ယခုနှစ် မိုးရာသီအချိန်မီ စိုက်ပျိုးနိုင်အောင် စီစဉ်ဆောင်ရွက်ရေးတို့ကို ရှင်းလင်းမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တိမ်အသင့်အတင့်

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ပြောင်းလဲခေါ်ပါရန်

အလက–၄၊ အင်းစိန်၊ တတိယတန်း(က)မှ မနှောင်းတင်နန္ဒာဝင်းထွဋ်ကို ယနေ့မှစ၍ မနေခြည်လင်းဦးဟု ပြောင်းလဲခေါ်ပါရန်။

မနေခြည်လင်းဦး။

Vacancy

(For Local Service only)

(With attractive salary)

One of the largest Japanese Trading Companies has vacancy for position mentioned below:

Post - Assistant Manager (Male/Female)
- University Graduate (not more than 40yrs of age)
- Good Command of English, both spoken and written
- Well experience in Paper Product(Minimum 2 or 3 yrs experience)

Qualified applicants shall submit CV, qualifications, experience, contact address and contact telephone number with a recent photograph, copy of labour registration card and testimonials to reach the following address by end of May, 2005 to;

G.P.O Box63,Yangon.

(Only selected candidates will be invited for interview)







ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် ကိုရီးယားသံအမတ်ကြီးတို့တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၁၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Lee Ju-Heum၊ စီးပွားရေးသံမှူး Mr. Choi Yong-tac နှင့် First Secretary Mr. Hong Sung-Wook တို့သည် မေ ၅ရက် ညနေပိုင်းတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်နှင့်တွဲဖက်အတွင်းရေးမှူး(၂)ဦးထွန်းအောင်တို့အား တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထေရဝါဒ ဗုဒ္ဓသာသနာပြုသင်တန်း ဖွင့်လှစ်ပို့ချပေးမည်

ရန်ကုန် မေ ၁၀

မဟာစည်သြဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာတွင် နှစ်စဉ် ဖွင့်လှစ်လျက်ရှိသော ထေရဝါဒ ဗုဒ္ဓသာသနာပြု သင်တန်းကို တက္ကသိုလ်ဝါရင့် အငြိမ်းစား ဆရာကြီးများက အင်္ဂလိပ်ဘာသာနှင့်စကားများကို သင်ကြားပို့ချမည်ဖြစ်သည်။

သ၊စ၊အ ဓမ္မာစရိယ တစ်ခုခု အောင်မြင်သော ရဟန်းတော်များ၊ သိက္ခာတော်(၁၅)ဝါရပြီး ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက၊ မူလစာချ ရဟန်းတော်များ သင်တန်းတက်ရောက်ရန် မေ ၃၁ရက် နောက်ဆုံးထား၍ အဆိုပါ သာသနာ့ရိပ်သာ ပဓာနနာယက ဆရာတော် မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဣန္ဒကထံ လျှောက်ထားနိုင်ကြသည်။

သင်တန်းကို ဇွန် ၁ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်ပြီး ဒုတိယနှစ်နှင့် တတိယနှစ် သင်တန်းများကိုလည်း အဆိုပါနေ့တွင် စတင်သင်ကြားမည်ဖြစ်ရာ သင်တန်းသားများ စာရင်းသွင်းကြရန်နှင့်ဝေယျာဝစ္စအဖွဲ့ ညောင်ကန်အေး သာသနာ့ရိပ်သာ အမှတ် ၆၊ အင်းစိန်လမ်းမကြီး အင်းစိန် ဖုန်း–၆၄၂၂၁၉သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က–ပ)

မြန်မာ့ရုပ်မြင်သံကြား

၁၁–၅–၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၀၅ ၆။ အဆိုပြိုင်ပွဲ
- ၈:၁၅ ၇။ ပိုင်ကျုံရေထိန်းတံခါး
- ၈:၃၀ ၈။ International News
- ၈:၄၅ ၉။ Let's Go
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ Practice In Reading
- ၁၆:၄၅ ၄။ တေးဂီတအစီအစဉ်
- ၁၇:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (သချာ်အထူးပြု) (သချာ်)
- ၁၇:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၁၇:၃၀ ၇။ လက်ဆင့်ကမ်းအမွေ (ရုပ်သေး)
- ၁၇:၃၅ ၈။ သီချင်းကြီးပဒေသာ
- ၁၇:၅၀ ၉။ **"သစ်ဆိမ့်ဖူးစာ"** သျှားညို၊ မိုးဒီ၊ မြင့်မြင့်ခိုင်၊ ခိုင်နှင်းဝေ (ဒါရိုက်တာ–ကြည်စိုးထွန်း)
- ၁၈:၀၀ ၁၀။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၈:၁၀ ၁၁။ Discovery
- ၁၈:၁၅ ၁၂။ တေးဂီတအစီအစဉ်
- ၁၈:၃၀ ၁၃။ ညနေခင်းသတင်း
- ၁၉:၀၀ ၁၄။ မိုးလေဝသအခြေအနေ
- ၁၉:၀၅ ၁၅။ တေးဂီတအစီအစဉ်
- ၁၉:၂၀ ၁၆။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
- ၁၉:၃၀ ၁၇။ တေးဂီတအစီအစဉ်
- ၁၉:၄၅ ၁၈။ မြန်မာ့ခြင်းလုံး
- ၂၀:၀၀ ၁၉။ ပြည်တွင်းသတင်း
- ၂၀။ နိုင်ငံတကာသတင်းများ
- ၂၁။ မိုးလေဝသအခြေအနေ
- ၂၂။ ၂၀၀၄ ခုနှစ် ဒွါဒသမအကြိမ် (၁၂)ကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊ အရေး၊အတီးပြိုင်ပွဲ (ရုပ်သေး)
- **"မဟော်သဓာ ဇာတ်တော်ကြီး"** (ဒုတိယဆု) (ရန်ကုန်တိုင်း)

လောင်စာ တွေကိုရှင်း မီးဘေး အန္တရာယ်ကင်း

ဧပြီလ၌ မူးယစ်ဆေးဝါးအမှုပေါင်း ၂၅၈မှုဖမ်းဆီးခဲ့

ရန်ကုန် မေ ၁၀

၂၀၀၅ခုနှစ် ဧပြီလတွင် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အကောက်ခွန်ဦးစီးဌာနတို့သည် မူးယစ်ဆေးဝါးအမှုပေါင်း ၂၅၈မှု ဖမ်းဆီးနိုင်ခဲ့သည်။ အဆိုပါ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးအမှုများတွင် ဘိန်း ၂၇မှု အလေးချိန် ၂၄ ဒသမ ၁၆၀၂ကီလို၊ ဘိန်းဖြူအမှု ၁၀၀ အလေးချိန် ၈၆ ဒသမ ၆၄၃၇ ကီလို၊ ဘိန်းညို အလေးချိန် ဒသမ ၄၈ ကီလို၊ ဘိန်းဆီ ငါးမှု အလေးချိန် ၁ ဒသမ ၇၆၇၃ ကီလို၊ အဆင့်နိမ့်ဘိန်း ၁၃မှု အလေးချိန် ၁ ဒသမ ၉၃၂၂ ကီလို၊ ဆေးခြောက် ၂၂မှု အလေးချိန် ၁၁ ဒသမ ၃၆၁၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၅၂မှု ဆေးပြား ၁၀၃၂၆၀၊ အက်ဖီဒရင်းတစ်မှု အလေးချိန် ၈၇ ဒသမ ၅ ကီလို၊ ဘိန်းစာမှုန့် ငါးမှု အလေးချိန် ၁၂ ဒသမ ၀၃၈ ကီလို၊ ချောင်းဆိုးပျောက်ဆေးရည် ပမာဏ ဒသမ ၁ လစ်တာ၊ ဒိုင်ယာဇီပမ်ဆေးပြားနှစ်မှု ဆေးပြား ၃၀၀၀၁၊ ဒိုင်ယာဇီပမ်ထိုးဆေးပုလင်း ၉၇၀၊ ဖီနိုဘာဘီတယ်ဆေးပြား ၂၅၀၊ မှတ်ပုံတင်ပျက် ၂၅မှု၊ အခြားအမှု ခြောက်မှု ဖမ်းဆီးရမိသည်။

ဧပြီလတွင် မူးယစ်ဆေးဝါးအမှုပေါင်း ၂၅၈မှု ဖမ်းဆီးခဲ့ရာတွင် တရားခံအမျိုးသား ၃၁၈ဦး၊ တရားခံ အမျိုးသမီး ၆၀ စုစုပေါင်း တရားခံ ၃၇၈ဦးတို့အား ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် မေလ ၁၀ ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၆၇၄၇)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

သာယာဝတီခရိုင် မိခင်/ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ နတ်တလင်းမြို့နယ်တွင် အစည်းအဝေး ကျင်းပ

နတ်တလင်း မေ ၈

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ (၂/၂၀၀၅) အစည်းအဝေးကို မေ၄ရက် နံနက်၉နာရီက နတ်တလင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် သာယာဝတီခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းမာက အဖွင့်အမှာစကား ပြောကြားပြီး ခရိုင်အတွင်းရှိ ရှစ်မြို့နယ်မှ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများက မိမိတို့မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

ဖြည့်စွက်ဆွေးနွေး

ဆက်လက်၍ သာယာဝတီခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူးဒေါက်တာ သောင်းတင်ထွန်းက ဖြည့်စွက်ဆွေးနွေးသည်။

တက်ရောက်

အခမ်းအနားသို့ ရှစ်မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌများနှင့် အမှုဆောင်များ စုစုပေါင်း ၅၇ဦး တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စည်ပင်သာယာရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးအုန်းညွှန့် မတ် ၂၅ရက်က သံဖြူဇရပ်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ဆောင်ရွက်သော မြို့သာယာလှပရေး အတွက် ပျိုးဥယျာဉ်အတွင်း ပန်းအလှပင်နှင့် အရိပ်ရပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှု စစ်ဆေးရာ အမှုဆောင် အရာရှိ ဦးတင်မောင်သန်းက ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် စည်ပင်)

မော်လမြိုင်ကျွန်းမြို့နယ် မြို့နယ်ဆရာဝန် ဒေါက်တာ ဒေါ်မြမြအေး၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်နှင့် အဖွဲ့ဝင်များ ဧပြီ ၂၅ရက်က မြို့နယ်ပြည်သူ့ဆေးရုံကြီးတွင် အခမဲ့ ခွဲစိတ်ကုသပေးခဲ့သော နှုတ်ခမ်းတစ်ဖက်ကွဲ လူနာ ခြောက်ဦးတို့အား ကြည့်ရှု အားပေးပြီး ထောက်ပံ့ငွေများ ပေးအပ်စဉ်။ (ဝ၉၇)

ပေးအပ်

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာမှ နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ဧပြီ ၃ရက်က ကျင်းပရာ မြို့နယ်ဦးစီး ဌာန ဦးစီးမှူး ဦးမောင်ညိုက ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဦးဘမင်းအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (မြို့နယ် လဝက)

လယ်ဝေးမြို့ အခြေခံပညာ အလယ်တန်းကျောင်းဖွင့်

လယ်ဝေး ဧပြီ ၂၀

မန္တလေးတိုင်း လယ်ဝေးမြို့နယ် ဥသျှစ်လှိုင်းကျေးရွာအခြေခံပညာ အလယ်တန်းကျောင်းဖွင့်ပွဲအခမ်းအနားကို မတ်၈ရက် နံနက်၉နာရီက အဆိုပါကျောင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆိုင်းဘုတ်အား မြို့နယ်ပညာရေးမှူး ဦးအောင်မြင့်က စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးမြင့်ဆွေနှင့် မြို့နယ်ပညာရေးမှူး ဦးအောင်မြင့်တို့က အမှာစကား ပြောကြားကြသည်။

အလှူပေးအပ်

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးမြင့်ဆွေ၊ မြို့နယ်ပညာရေးမှူး ဦးအောင်မြင့်၊ ကံလှအထက်တန်းကျောင်း(ခွဲ) ကျောင်းအုပ်ဆရာကြီး ဦးထိုက်စိုးနှင့် မြို့နယ်ပြည် ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးဇော်အောင်တို့ထံသို့ တာဝန်ရှိသူများက ကျောင်းဖွင့်ပွဲ အထိမ်းအမှတ် အလှူ ပေးအပ်ကြသည်။ **(၃၃၃)**

အမှတ် ၆က-၂၂ သုခဝတီလမ်း (၆)ရပ်ကွက် ရန်ကင်းမြို့နယ်နေ ဒေါ်ခင်ထားလတ် မိသားစုက အလှူငွေကျပ်တစ်သိန်းအား ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ (ဒေါ်ရွှေဇီးကွက်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

သက်ကြီးပူဇော်ပွဲနှင့် ငါးဘောမ်ဲ့လွှတ်ပွဲ အခမ်းအနားများ သနပ်ပင်မြို့နယ်၌ ကျင်းပ

သနပ်ပင် ဧပြီ ၂၀

(၄၉)ကြိမ်မြောက် အောက်စုပိုင်းရပ်ကွက် မဟာဒုက်ဘုရားမဲ၊ အသက် ၇၅နှစ်အထက် အဘိုးအဘွားများ သက်ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲကို ဧပြီ၁၇ရက်က သနပ်ပင်မြို့ အောက်စုပိုင်းရပ်ကွက်တွင် ကျင်းပသည်။

အခမ်းအနားတွင် သနပ်ပင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကြည်၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ဌေးဌေးနှင့် အဖွဲ့ဝင်များ၊ အလှူရှင်များက အဘိုးအဘွားတို့အား လှူဖွယ်ပစ္စည်းများနှင့် ပူဇော်ကန်တော့ကြသည်။**(အောက်ပုံ)** ထို့နောက် ညနေပိုင်းတွင် သနပ်ပင်မြို့အတွင်းသို့လှည့်လည်ကြပြီး အောက်စုရပ်ကွက် ဗိုလ်တဲကန်တွင် ဇီဝိတဒါနငါးများ ဘောမ်ဲ့လွှတ်၍ ကုသိုလ်ယူကြသည်။

(မြို့နယ် ပြန်/ဆက်)

ကြီးကြပ်ဆောင်ရွက်

ပဲခူးတိုင်း (အနောက်ပိုင်း) မင်းလှမြို့ အမှတ်(၃)ရပ်ကွက် လမ်းမတော်လမ်း လမ်းမကြီး တစ်လျှောက်တွင် ရေနုတ်မြောင်းတူးဖော်ခြင်းနှင့် လမ်းဘေးဝဲယာ သန့်ရှင်းရေး ဆောင်ရွက်ခြင်းကို စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် စုပေါင်း၍ ဧပြီ၃၀ရက်က ဆောင်ရွက်ကြရာ အမှုဆောင် အရာရှိ ဦးစိုးမြင့် ကြီးကြပ် ဆောင်ရွက်ပေးစဉ်။ (မြို့နယ်စည်ပင်)

အမြို့မြို့ အနယ်နယ် သတင်းများ

ခရိုင်နှင့်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ တွေ့ဆုံရှင်းလင်းပွဲ ပျော်ဘွယ်မြို့တွင် ကျင်းပ

ပျော်ဘွယ် ဧပြီ ၂၀

ရမည်းသင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ပျော်ဘွယ်မြို့နယ် အမျိုးသမီးရေးရာအဖွဲ့တို့ တွေ့ဆုံ၍ လုပ်ငန်းကိစ္စရပ်များ ရှင်းလင်းဆွေးနွေးပွဲအခမ်းအနားကို ဧပြီ၄ရက် နံနက်၉နာရီက ပျော်ဘွယ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် ရမည်းသင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဝင်းရွှေက အမျိုးသမီးရေးရာအဖွဲ့ အကြောင်း သိကောင်းစရာများနှင့် ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျင်မြက အမျိုးသမီးရေးရာအဖွဲ့ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက လုပ်ငန်းကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးမေးမြန်းမှုများကို ရမည်းသင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်ဝင်းရွှေနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျင်မြတို့က ပြန်လည်ရှင်းလင်း ပြောကြားကြသည်။ **(မြို့နယ် ပြန်/ဆက်)**

မြန်မာ့အသံ

၁၂-၅-၂၀၀၅
(ကြာသပတေးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (အဖိုးတန် မြန်မာ့ကျွန်းသစ်)
၁၁:၃၅ စာအုပ်စာပေလူ့မိတ်ဆွေ
(၁)သားနှင့်သမီးတို့စကား အခွန်းတစ်ရာ(အရှင်သံဝရာလင်္ကာရ)(ဓမ္မပီယဆရာတော်)
(၂)ပါရာဒိုင်း(Paradigm) (ဒေါက်တာခင်မောင်ညို ပြန်ဆိုသည်)
၁၂:၀၀ သိပ္ပံပညာသိကောင်းစရာ (ခါးမကိုင်းနားမထိုင်းရအောင်) (မောင်ဆုရှင်)
၁၂:၂၀ အစားနှင့်အာဟာရ(ကင်ပွန်းချဉ်)

ညနေပိုင်း

၁၆:၃၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၇:၀၀ တပ်မတော်စာတိုက်
၁၉:၁၅ ဇာတ်လမ်းပမာနားဆင်စရာ (ကြင်နာမှုအမှတ်တရ)

မြစ်ကြီးနားတွင် မီးဘေးကြိုတင်ကာကွယ်ရေး ဆောင်ရွက်

မြစ်ကြီးနား ဧပြီ ၂၀

မြစ်ကြီးနားမြို့ မြို့မဈေးကြီး မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဧပြီ ၁၈ရက်က မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးထွန်းငြိမ်း၊ ဈေးနှင့်သားသတ်ဌာနစိတ်မှ ဒုတိယဦးစီးမှူး (ဈေး) ဦးအောင်ကျော်မင်းတို့ ဦးဆောင်သော ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအကျိုးဆောင်အဖွဲ့များ စုပေါင်း မီးသတ်ဆေးဘူးသုံးစွဲနည်း သရုပ်ပြ ပညာပေးလုပ်ငန်းဆောင်ရွက်မှုကို မြို့နယ်အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအေးဆွေက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

11-5 (15).p65 1 3/26/05, 8:17 AM

ကြီးကြပ်ဆောင်ရွက်

မိုးမိတ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဘုရားကြီး လမ်းဘေးဝဲယာ ပလက်ဖောင်းပြုလုပ်ခြင်းလုပ်ငန်းအား အမှုဆောင်အရာရှိ ဦးကျော်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာဦးမြတ်ကောင်းတို့ကြီးကြပ်ဆောင်ရွက်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီလဝံသအား ဂုဏ်ပြုပူဇော် လှူဖွယ်ဝတ္ထုပစ္စည်းများဆက်ကပ်လှူဒါန်းပွဲ ကော့သောင်း၌ ကျင်းပ

ကော့သောင်း မေ ၁၀

ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် ထားဝယ်ရိပ်သာကျောင်းတိုက်တွင် အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသီလဝံသမထေရ်မြတ်အား ဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားကို မတ် ၃၀ရက် မွန်းလွဲ၁နာရီကကျင်းပရာ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးမြင့်ထွန်း၊ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ဥက္ကဋ္ဌ(ယာယီ)ဦးလှဌေးနှင့်အဖွဲ့ဝင်များ၊ ဘာသာရေးအဖွဲ့များ တက်ရောက်ပူဇော်ကြသည်။

အခမ်းအနားတွင် နမောတဿ သုံးကြိမ် ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပြီး ငါးပါးသီလနှင့် သံမောဒနီယသြဝါဒကထာကို ခံယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ရောင်ခြည်တော်ဘွဲ့ဖြင့် ဗုဒ္ဓဘုရားရှင်အား ပူဇော်၍ ဆရာတော်ကြီး၏ ထေရုပ္ပတ္တိအား ကျင်းပရေးကော်မတီဥက္ကဋ္ဌဦးဖေမောင်က ဖတ်ကြားပြီး နိုင်ငံတော်က ဆက်ကပ်လှူဒါန်းသည့် ဘွဲ့တံဆိပ်တော်လက်မှတ်ကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးကြည်တင်က ဖတ်ကြားသည်။

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးတင်စိုးက သာသနာရေးဆိုင်ရာကိစ္စရပ်များ လျှောက်ထားပြီး နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးမြင့်ထွန်း အမှူးပြုသော အဖွဲ့က လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။ **(၃၈၉)**

ရေလယ်ကျွန်း ရွှေဘုန်းပွင့်စေတီတော် ဗုဒ္ဓါဘိသေက မင်္ဂလာပွဲကျင်းပမည်

မဒေါက် မေ ၂

ညောင်လေးပင်မြို့နယ် မဒေါက်မြို့ သောင်ကြီးကျေးရွာရှိ ရေလယ်ကျွန်း ရွှေဘုန်းပွင့် ပြည်တော်အေးဆုတောင်းပြည့်စေတီတော်တွင် ရန်ကုန်မြို့သုဝဏ္ဏနေ ဘုရားဂေါပကဥက္ကဋ္ဌဦးကျော်ဝ ဦးဆောင်၍ ဂေါပကအဖွဲ့ဝင်များ၊ ရန်ကုန်မြို့ရှိ အလှူရှင်များနှင့် ကျေးရွာရှိစေတနာရှင်များစုပေါင်း၍ မေ ၂၂ရက် (ကဆုန်လပြည့်နေ့)၌ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲများ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(က-ပ)

ပဲခူးတိုင်း(အနောက်ပိုင်း)ပေါင်းတည်မြို့ မြို့မဈေးကြီးအတွင်းရှိ ဗလာရုံ(ခ) ဈေးရုံဟောင်း ပြန်လည်ပြုပြင် ဆောက်လုပ်နိုင်ရေးအတွက် ဧပြီ၂၂ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ကြိုင်က ဈေးရုံသစ်ကို ပန္နက်ရိုက်ပေးစဉ်။

(၄၀၃)

ချမ်းမြသာစည်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး လက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်

မန္တလေး ဧပြီ ၁၀

မန္တလေးတိုင်း ချမ်းမြသာစည်မြို့ နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် မီးဘေးအန္တရာယ်ကြိုတင်တားဆီးကာကွယ်ရေးစီမံချက်အရလက်တွေ့မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်ခြင်းကို မတ် ၉ ရက်က အဆိုပါရုံး၌ ကျင်းပသည်။ **(အောက်ပုံ)**

တက်ရောက်

အခမ်းအနားတွင် မန္တလေးတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်သန်းထွန်း၊ ခရိုင်ဦးစီးအရာရှိ ဦးမျိုးမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးတင်မောင်ကြည်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးတင်ရွှေနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်မောင်နှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

သရုပ်ပြဆောင်ရွက်

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးချစ်မောင်က မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်ဆေးဘူး၊ မီးချိတ်၊ မီးကပ်၊ ရေ၊ သဲများ အဆင်သင့်ထားရှိမှုနှင့် စီမံချက်ရေးဆွဲဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး မြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးတင်ရွှေက မီးဘေးအန္တရာယ် ကာကွယ်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းများကို လက်တွေ့သရုပ်ပြ ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ရခိုင်ပြည်နယ် ဂွမြို့ အခြေခံပညာမူလတန်းကျောင်း မြို့သစ်၏ မူလတန်းဆင့် သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်ချီးမြှင့်ပွဲကို ဧပြီ၄ရက်ကကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်သူက စတုတ္ထတန်း ကျောင်းသား မောင်နိုင်ငြိမ်းကျော်အား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်စဉ်။

(ပညာရေး)

ရောင်ခြည်ဦးနှင့် ရွှေပြည်သစ် စာကြည့်တိုက်များ ဖွင့်လှစ်

တာချီလိတ် မေ ၅

တာချီလိတ်မြို့နယ် မိုင်းဖုန်း(ခ) ကျေးရွာအုပ်စု နမ့်လုတ်(ရွာသစ်) ကျေးရွာတွင် ရောင်ခြည်ဦး ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် နမ့်လုတ်(အခါ) ကျေးရွာတွင် ရွှေပြည်သစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်ပွဲအခမ်းအနားကို ဧပြီ၉ရက်က အဆိုပါကျေးရွာများတွင်ကျင်းပရာ ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးလှဌေးနှင့် ကျေးရွာဥက္ကဋ္ဌများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှခရိုင်ဦးစီးမှူး ဦးလှဌေးက စာကြည့်တိုက်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် ရေရှည်တည်တံ့ရေးအကြောင်းများကို ဟောပြောသည်။

(ခရိုင် ပြန်/ဆက်)

အမြို့မြို့ အနယ်နယ် သတင်းများ

ဟိုပင်ဈေးကြီး မီးဘေးကြိုတင်ကာကွယ်

ဟိုပင် ဧပြီ ၁၀

ဟိုပင်မြို့ ဈေးကြီးမီးဘေးလုံခြုံရေးအတွက် မတ် ၃ ရက်က မီးဘေးကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြလေ့ကျင့်ပွဲကို ဈေးကြီးအတွင်းတွင် ကျင်းပသည်။

လက်တွေ့သရုပ်ပြသ

အခမ်းအနားတွင် မီးဘေးကြိုတင်ကာကွယ်ရေး လေ့ကျင့်မှုကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ မြို့နယ်တာဝန်ခံ ဦးစီးအရာရှိ ဦးမောင်မောင်သွင်၊ တာဝန်ခံအင်ဂျင်နီယာဦးအင်ခွန်းအောင်နှင့် စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ ဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူ ဈေးသားများစုပေါင်း၍ မီးဘေး ကြိုတင်ကာကွယ်ရေး လက်တွေ့သရုပ်ပြ လေ့ကျင့်မှုများ ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

ဘီးလင်းမြို့နယ်တွင် ကွန်ကရစ်တံတားဖွင့် ငွေကျပ် ၅၇သိန်းအကုန်အကျခံဆောင်ရွက်

ဘီးလင်း မေ ၅

ဘီးလင်းမြို့နယ် ဝင်းကကျေးရွာ ရွှေဝါရောင်အပိုင်း(၃)ရှိ အလျား၃၂ပေ၊ အမြင့်၁၂ပေ၊ အကျယ်၁၈ပေ သံစီကွန်ကရစ်တံတားဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၈ရက် နံနက်၉နာရီခွဲက အဆိုပါ တံတားမုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အဆိုပါ တံတားကို ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးဝင်းမြင့်နှင့်အလှူရှင်ဦးဖိုးတိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

တံတား၏တန်ဖိုးမှာ ငွေကျပ် ၅၇သိန်းကုန်ကျကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဆကာကြီးနှင့် ကျောင်းစုတိုက်နယ်ဆေးရုံ ဆေးပဒေသာပင်အတွက် အလှူငွေပေးအပ်

နေပြည်တော် မေ ၄

နေပြည်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ပံ့ပိုးမှုဖြင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ် မီးသတ်အန္တရာယ် ကာကွယ်တားဆီးရေးအဖွဲ့၊ မြို့နယ်ကြက်ခြေနီအသင်း၊ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့များနှင့် ဆကာကြီးတိုက်နယ် ဆေးရုံ၊ ကျောင်းစု တိုက်နယ်ဆေးရုံနှင့် လမန်း အခြေခံပညာမူလတန်းလွန် ကျောင်းတို့၏ အသင်းအဖွဲ့များ ရန်ပုံငွေနှင့် တိုက်နယ်ဆေးရုံများ ဆေးပဒေသာပင် ရန်ပုံငွေအတွက် မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များက အလှူငွေပေးအပ်ပွဲကို ဧပြီ ၂၉ရက်က နေပြည်တော်မြို့ အခြေခံပညာအထက်တန်းကျောင်း တေဇခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်လွင်က အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်များကိုယ်စား မြို့နယ်ဥက္ကဋ္ဌက လူမှုရေးအသင်းအဖွဲ့များနှင့် မူလတန်း(လွန်)ကျောင်းတို့ကို ငွေကျပ်တစ်သိန်းစီနှင့် တိုက်နယ်ဆေးရုံနှစ်ခုအတွက် ငွေကျပ်ငါးသိန်းစီဖြင့် စုစုပေါင်း ငွေကျပ် ၁၇၀၀၀၀၀ ကို အသင်းအဖွဲ့ ခေါင်းဆောင်များသို့ ပေးအပ်သည်။

(အပေါ်ဝဲပုံ) (၀၈၅)

အဂ္ဂါနေ့ဝေယျာဝစ္စအသင်းက ကျင်းပသော တတိယအကြိမ် မြောက် မဟာဒုက်ကံစမ်းမဲကို ဧပြီ ၂၅ရက်က ဒဂုံမြို့သစ် ပြည်ကြီးချမ်းသာ မဟာစေတီတော် အာရုံခံတန်ဆောင်း၌ ကျင်းပရာ အေးမြချမ်းသာ ဆရာတော်နှင့် အမှုဆောင်များက ကံထူးရှင်တစ်ဦးအား ဘုရားမဲချီးမြှင့်စဉ်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

မင်္ဂလာတောင်ညွန့်မြို့နယ် အ-မ-က(၂၁)တွင် ၂၀၀၄-၂၀၀၅ ခု ပညာသင်နှစ် အတွက် အခြေခံပညာ မူလတန်း သင်ယူ ပြီးမြောက်ခြင်း လက်မှတ် ပေးအပ်ပွဲ အခမ်းအနားကို မတ် ၃၀ ရက်က ကျင်းပရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ယဉ်ယဉ်ရှိန်က စတုတ္ထတန်းမှ မောင်အောင်ချမ်းမြေ့အား သင်ယူပြီးမြောက်ခြင်းလက်မှတ် ပေးအပ်စဉ်။ (၀၅၄)

ရွှေဘိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ခရိုင်ဗီဒီယိုလုပ်ငန်း စိစစ်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်း၊ မြို့နယ်ဗီဒီယို အခြေခံအဖွဲ့ခွဲဥက္ကဋ္ဌ ဦးဝင်းမြင့်မောင်နှင့် အဖွဲ့ဝင်များ မတ် ၆ ရက်က မြို့နယ်အတွင်းရှိ ဗီဒီယိုလုပ်ငန်းရှင်များအား ဗီဒီယိုစည်းမျဉ်းစည်းကမ်းများနှင့်အညီ လုပ်ငန်းလုပ်ကိုင်ကြရန် ကွင်းဆင်းစည်းရုံး ပညာပေးကြစဉ်။ (၃၂၄)

ပခုက္ကူမြို့တွင် ကျန်းမာရေးပညာပေးဆွေးနွေး

ပခုက္ကူ မေ ၂

ဦးတည်အုပ်စုများတွင် ကွန်ဒုံးရာနှုန်းပြည့်သုံးစွဲရေး ကျန်းမာရေးစီမံချက် ရှင်းလင်းဆွေးနွေးပွဲကို ဧပြီ ၅ ရက် မွန်းလွဲ ၂ နာရီက ပခုက္ကူမြို့နယ် အထွေထွေရောဂါကုဆေးရုံကြီး ပြင်ပလူနာဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အမှာစကားပြောကြား

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး ဆေးရုံအုပ်ဒေါက်တာ ဦးဌေးကြွယ်က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်ခုခံကျ/ကာလသားရောဂါတိုက်ဖျက်ရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာ ဦးတင်မောင်ထွေးက လုပ်ငန်းစီမံချက်နှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(၄၁၃)**

VCD တစ်ချပ် ကျပ် ၅၀၀
GOLDEN WING Music Production မှ
ထုတ်လုပ်ဖြန့်ချိသော ချစ်ရည်ဖြားတစ်ပါးသူမနမ်းစေချင် Live Show၊ နလုံးသားမြို့တော် (မီမီဝင်းဖေ)၊ သစ္စာ (မီမီဝင်းဖေ)၊
VCD ကာရာအိုကေအချပ်များအား ပရိသတ်များ ဝယ်ယူအားပေးမှု အဆင်ပြေစေရန်
VCD တစ်ချပ်လျှင် အထူးနှုန်း ကျပ် ၅၀၀ ဖြင့် အမြို့မြို့ဆိုင်တိုင်းတွင် ရောင်းချပေးနေပါပြီ

လူကြီးမင်းတို့အတွက် စိတ်ကြိုက်အရောင် ရွေးချယ်နိုင်ခွင့်ရှိတဲ့ . . .
ရန်ကုန်မြို့ရဲ့ ပထမဆုံးသော ကာလာစုံရန်ကုန်လမ်းညွှန်-၂၀၀၆ စာအုပ်အတွက်
ကြော်ငြာများလက်ခံဆောင်ရွက်ပေးနေပါပြီ
ဘာပဲလိုလို

Tel: (YDG) 01-245358, 373254, 374468, (MDG) 02-64508, 28967
ရန်ကုန်လမ်းညွှန်-၂၀၀၆
ကြော်ငြာတွေကို ကြော်ငြာပေးနေသော လမ်းညွှန်စာအုပ်

FAME GANOCAN®
လင်းဇီးဆေးတော်

တရုတ်ဘာသာစကားအရည်အချင်းစစ်စာမေးပွဲ (HSK)

တရုတ်ပြည် နိုင်ငံတော်တရုတ်ဘာသာစကား အရည်အချင်းစစ်ကော်မတီ (The State Commission Of Chinese Proficiency Test)မှ ကမကထပြုကြီးမှူး၍ ရန်ကုန်နိုင်ငံခြား ဘာသာတက္ကသိုလ်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးတို့ ပူးပေါင်းစီစဉ်ကျင်းပမည်။

စာမေးပွဲကျင်းပမည့်ရက်	–	၂၀၀၅ခုနှစ် မေလ (၁၄)ရက်၊ စနေနေ့
ကျင်းပမည့်နေရာ	–	ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
လျှောက်လွှာတင်ရက်	–	၂၀၀၅ခုနှစ် မေလ (၄)ရက်မှ ၂၀၀၅ခုနှစ် မေလ (၁၂)ရက်နေ့အထိ
လျှောက်လွှာရရှိနိုင်သည့်နေရာ	–	ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်
စစ်ဆေးမည့်အစီအစဉ်	–	အဆင့်(၃)ဆင့်အနက်မိမိဖြေဆိုလိုရာ အဆင့်ကို ဖြေနိုင်ပါသည်။

အသေးစိတ်ကို အမှတ် ၁၁၉-၁၃၁ တက္ကသိုလ်ရိပ်သာလမ်း၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် တယ်လီဖုန်း ၀၁-၅၁၃၁၉၈နှင့် မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် တယ်လီဖုန်း- ၀၂-၃၂၃၃၀တွင် စုံစမ်းနိုင်ပါသည်။

စာမေးပွဲဖြေဆိုကြမည့်သူများအတွက် HSK Guide Books နှင့် Tape များကို မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး၊ ယဉ်ကျေးမှုသံမှူးရုံး၊ အမှတ် ၉၄၊ ခရေပင်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်နှင့် မန္တလေးမြို့၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး၊ ရတနာလမ်း၊ ရန်ကြီးအောင်လမ်း၊ ၃၅လမ်း(၆၅လမ်းနှင့် ၆၆လမ်းကြား) မန္တလေးမြို့တွင် ဝယ်ယူရရှိနိုင်ပါသည်။

လွမ်းဆွတ်သတိရခြင်း
ရွှေနေချုပ်(ဦးသာထွန်း)

ဘဘကြီး(ဦးသာထွန်း)ကွယ်လွန်ခဲ့သည်မှာ ၉-၅-၂၀၀၅ ရက်တွင်(၂)နှစ်ပြည့်မြောက်ပြီဖြစ်သော်လည်း ဦးဝင်းမိုး-ဒေါ်ခင်စုဝေမိသားစုနှင့် ထပ်တူထပ်မျှ လွမ်းဆွတ်သတိရကြေကွဲရပါသည်။

ဝေရီနှင်း၊ အနုပညာ၊ စမိုင်း၊ မန်းမြန်မာ စားသောက်ဆိုင်များ၊ မန္တလေးမြို့။

ငှားမည်

လသာလမ်း(၇၃) မြေညီထပ်၊ အခန်းကျယ်သည်၊ ရှည်သည်၊ ထပ်ခိုးနှင့် ဖုန်းပါ။ **ဖုန်း-၂၅၁၄၈၃၊၀၉-၅၀-၂၁၃၇၈။**

ပြည်ပြေးစစ်ခမ်းဖနှင့် အပေါင်းပါတစ်စု၏ ရှမ်းပြည်နယ်ခွဲထွက်ရန်ကြေညာမှု မိုင်းရယ်မြို့နယ်မှ တိုင်းရင်းသားပြည်သူများက လုံးဝလက်မခံ၊ ဆန့်ကျင်ရှုတ်ချကြောင်း တက်ရောက်လာကြသောပြည်သူလူထုကြီး၏ ဆန္ဒသဘောထားရယူ အတည်ပြုကြေညာ

ရန်ကုန် မေ ၁၀

ပြည်ပြေးစစ်ခမ်းဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို ယနေ့ နံနက် ၇ နာရီခွဲတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် မိုင်းရယ်မြို့ရှိ မြို့မပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ လူထုအစည်းအဝေးကြီးသို့ မိုင်းရယ်မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မိုင်းရယ်မြို့ပေါ်ရှိ

စာမျက်နှာ ၁၃ ကော်လံ ၁ ❐

ပြည်ပြေးစစ်ခမ်းဖနှင့် အပေါင်းပါတစ်စုတို့၏ ရှမ်းပြည်နယ်ခွဲထွက်ရန် ကြေညာခြင်းအား ဆန့်ကျင်ရှုတ်ချပွဲ လူထုအစည်းအဝေးကြီးကို ကြွေးကြော်သံများဖြင့် ရုပ်သိမ်းစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း

သတင်း

ဆောင်းပါး

အညွှန်း

❐ တပ်မတော်အစိုးရအနေနဲ့ကတော့ ဒီတာဝန်အရေးသုံးပါးကို လုံးဝထိပါးမခံဘဲ တိုင်းရင်းသားပြည်သူအားလုံးနဲ့ အစဉ်လက်တွဲပြီး ကာကွယ်စောင့်ရှောက်သွားမယ်။ မည်သည့် ပြည်နယ်၊ မည်သည့်တိုင်းကိုမျှ ပြည်ထောင်စုကြီးကနေ ခွဲထွက်ခွင့်ပြုမှာမဟုတ်ကြောင်း အတိအလင်း ကြေညာပြောကြားသွားတာတွေ့ရလို့ နိုင်ငံနဲ့လူမျိုးအတွက် အားရကျေနပ်စရာပါပဲ။

(ဟိန်းမြင့်၏ဆောင်းပါး(စာ-၁၀))

❐ မျိုးဆက်သစ်လူငယ်တိုင်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြပါစို့။

(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း လူငယ်တွေ့ဆုံပွဲ သတင်းအကျယ် (စာ-၃၊၅))

11-5 (20).p65 1 3/26/05, 8:18 AM